# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၁၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၆၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၇၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး နဝမနေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၂ ရက်၊

(၂) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၂ ရက်၊

(၃) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၄) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၂ ရက်၊

(၅) ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို ခွင့် ၇ ရက်၊

**မူကြမ်း**

(၆) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၇) ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း ခွင့် ၁ ရက်၊

(၈) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

(၉) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၁၀) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်၊

(၁၁) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိုဖုန်ဆားရ် ခွင့် ၁ ရက်၊

(၁၂) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

(၁၃) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်း ခွင့် ၁ ရက်၊

(၁၄) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၂ ရက်၊

(၁၅) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၁ ရက်၊

(၁၆) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၁ ရက်၊

(၁၇) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၁ ရက်၊

(၁၈) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၂ ရက်နှင့်

(၁၉) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

## မူကြမ်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြို့နယ်များတွင် ဖွဲ့စည်းပုံအရ လိုအပ်နေသော ဥပဒေဝန်ထမ်းများအား တရားရေးမဏ္ဍိုင်ကို ဖြောင့်မတ်မှန်ကန်စွာ ထိန်းကျောင်းနိုင်ရန်အတွက် အပြည့်အဝခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးစွာ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းမယ့်မေးခွန်းကတော့ မြို့နယ်များတွင် ဥပဒေဝန်ထမ်းများ ဖွဲ့စည်းပုံအရ အပြည့်အဝခန့်ထားပေးရန်အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် အာဏာကြီးသုံးရပ်ရှိသည့်အနက် တရားစီရင်ရေးအာဏာကို လွတ်လပ်စွာတရားစီရင်ရေးအဖြစ် ပေးအပ်ထားခဲ့ပါတယ်။ ထိုသို့ပေးအပ်ထားတဲ့အတွက် တရားစီရင်ရေးအခန်းကဏ္ဍမှာ မှန်ကန်ပြီးမြန်ဆန်ဖို့ လိုအပ်လာပါတယ်ရှင်။ ထိုသို့ဖြစ်ပေါ်လာစေရန်အတွက် ဥပဒေကို ကိုင်စွဲအသုံးပြုနေကြတဲ့ဥပဒေဝန်ထမ်းများဟာ အလွန်အရေးကြီးတဲ့၊ အရာရောက်တဲ့အနေအထားမှာ ရှိနေပါတယ်ရှင်။ မြို့နယ်တစ်ခုတွင် တရားသူကြီးသုံးဦးရှိပြီး တရားစီရင်ရေးအတွက် အဖွဲ့သုံးဖွဲ့ဖြင့် ဆောင်ရွက်နေတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ ဒါပေမယ့် အချို့မြို့နယ်များတွင် ယခင်က သုံးဦးခန့်ထားရှိခဲ့သော်လည်း ယခုအခါမှာ တစ်ဦးသာထားရှိနေတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ တရားစီရင်ရေးအဖွဲ့တစ်ဖွဲ့မှာ ဥပဒေဝန်ထမ်းမှ လျှောက်လွှဲချက်ပေးနေချိန်တွင် နောက်တစ်ဖွဲ့တွင် ဥပဒေဝန်ထမ်းမလာရောက်နိုင်တဲ့အတွက် ရုံးချိန်းတစ်ချိန် ထပ်မံပြောင်းလဲနေရတဲ့

မှုကြမ်း

အဖြစ်မျိုးလည်း ကြုံတွေ့နေရပါတယ်။ ရုံးချိန်းသို့လာရောက်တဲ့သက်သေများ၊ တရားလို၊ တရားခံများ အနေဖြင့် အချိန်ကုန်၊ လူပင်ပန်း၊ စိတ်နွမ်းခံစားနေကြရပါတယ်။ ဥပဒေဝန်ထမ်းများကို ဖွဲ့စည်းပုံအရ အပြည့်အဝခန့်ထားပါက တရားစီရင်ရေးအခန်းတွင် မြန်မြန်နှင့်မှန်မှန် ဆောင်ရွက်နိုင်မှာဖြစ်ပါသော ကြောင့် အောက်ပါကြယ်ပွင့်ပြမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်ပါတယ်ရှင်။

မေးခွန်း(၁)ကတော့ မြို့နယ်များတွင် ဖွဲ့စည်းပုံအရ လိုအပ်နေသော ဥပဒေဝန်ထမ်းများအား တရားရေးမဏ္ဍိုင်ကို ဖြောင့်မတ်မှန်ကန်စွာ ထိန်းကျောင်းနိုင်ရန်အတွက် အပြည့်အဝခန့်ထားပေး နိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် မေးခွန်း(၂) မခန့်နိုင်သေးပါက မည်သည့်အတွက်ကြောင့်ဖြစ်တာကို ဖြေကြားပေးပါရန် ပြည်သူများကိုယ်စား မေးမြန်းရတာဖြစ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ လေးစားစွာဖြင့် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော်မှ ဖြေကြား တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးလက်အောက်မှာ မြို့နယ်ဥပဒေရုံးပေါင်း ၃၂၅ ရုံးရှိပါတယ်။ မြို့နယ်ဥပဒေရုံးတွေကို (က)အဆင့်၊ (ခ)အဆင့်၊ (ဂ)အဆင့်၊ (ဃ)အဆင့်ဟူ၍ အဆင့်များ ခွဲခြားသတ်မှတ်ထားပါတယ်။ (က)အဆင့်မှာ မြို့နယ်ဥပဒေအရာရှိတစ်ဦး၊ ဥပဒေအရာရှိ အဆင့်(၄) လေးဦးနှင့် အမှုထမ်းလေးဦး၊ (ခ)အဆင့်မှာ မြို့နယ်ဥပဒေအရာရှိတစ်ဦး၊ အဆင့်(၄) သုံးဦးနှင့် အမှုထမ်းသုံးဦး၊ (ဂ)အဆင့်မှာ မြို့နယ်ဥပဒေအရာရှိတစ်ဦး၊ အဆင့်(၄)တစ်ဦးနှင့် အမှုထမ်း နှစ်ဦး၊ (ဃ)အဆင့်မှာ အဆင့်(၄)တစ်ဦးနှင့် အမှုထမ်းနှစ်ဦးဖြင့် သတ်မှတ်ထားရာ မြို့နယ်ဥပဒေရုံးများ အတွက် ဥပဒေအရာရှိအဆင့်(၃) ၂၇၂ ဦး၊ ဥပဒေအရာရှိအဆင့်(၄) ၆၀၄ ဦး စုစုပေါင်း ၈၇၆ ဦးဖြစ် ပါတယ်။ ဥပဒေရုံးအဆင့်ဆင့်ရဲ့ ဖွဲ့စည်းပုံအရ ဥပဒေအရာရှိအဆင့်(၃) ၅၄၀ ဦးနှင့် အဆင့်(၄) ၇၃၅ ဦးတို့ ဖွဲ့စည်းပုံအရ သတ်မှတ်ထားရှိပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးဟာ မြို့နယ်အသီးသီးအတွက် ဥပဒေအရာရှိတွေ ခန့်အပ်ရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၆-၂-၂၀၀၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၉)နှင့် ၁၇-၉-၂၀၀၉ ရက်စွဲပါစာအမှတ်၊ ၁/၃၄၈-အုပ်ချုပ်မှု/အဖရ/(၂၀၀၉)တို့အရ ညွှန်ကြားချက်နှင့်အညီ ခွင့်ပြုအင်အားရဲ့ သုံးပုံနှစ်ပုံခန့်ထားဆောင်ရွက်ရတဲ့အတွက်ကြောင့် မြို့နယ်ဥပဒေရုံးအလိုက် အဆင့်သတ်မှတ်ချက်နဲ့ လုပ်ငန်းပမာဏအပေါ်မှာ စိစစ်သုံးသပ်ပြီး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ဥပဒေအရာရှိအဆင့်(၄) (ဒုတိယဦးစီးမှူး၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ)များကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်များမှာ ဥပဒေအရာရှိအဆင့်(၄) ဦးရေ ၁၀၀ စီ ခန့်ထားဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်များမှာ ဥပဒေအရာရှိအဆင့်(၄) ဦးရေ ၁၅၀ စီခန့်ထားဆောင်ရွက်ခဲ့ပါတယ်။ တင်ပြပါ ဘဏ္ဍာရေးနှစ်ငါးနှစ်အတွင်းမှာ ဥပဒေအရာရှိအဆင့်(၄)ဦးရေ ၆၀၀ ခန့်ထားဆောင်ရွက်ခဲ့ပါတယ်။

အထက်ပါအတိုင်း ဥပဒေအရာရှိများ ဖြည့်တင်းခန့်ထားခဲ့သော်လည်း ဒုတိယမြို့နယ်ဥပဒေအရာရှိ ဖွဲ့စည်းပုံခွင့်ပြုအင်အားမှာ ၂၂၉ ဦး လျော့နည်းလျက်ရှိဆဲဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ရေးမြို့နယ်ဥပဒေရုံးဟာ (ဂ)အဆင့်မြို့နယ်အဖြစ်ဖွဲ့စည်းထားရာ မြို့နယ်ဥပဒေအရာရှိ ဥပဒေအရာရှိအဆင့်(၃) တစ်ဦးနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဥပဒေအရာရှိအဆင့်(၄)တစ်ဦး၊ အကြီးတန်းစာရေးတစ်ဦး၊ ရုံးအကူတစ်ဦး စုစုပေါင်း အရာထမ်း၊ အမှုထမ်းလေးဦးနဲ့ ဖွဲ့စည်းထားပါတယ်။ ဥပဒေအရာရှိအဆင့်(၄) အင်အားလျော့နည်းနေစဉ် ရေးမြို့နယ်ဥပဒေရုံးမှာ မြို့နယ်ဥပဒေအရာရှိ ဥပဒေအရာရှိအဆင့်(၃) တစ်ဦးတည်းသာခန့်ထားနိုင်ခဲ့ပြီး ဒုတိယမြို့နယ်ဥပဒေအရာရှိတစ်ဦးကို ခန့်ထားနိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ရေးမြို့နယ်ဥပဒေရုံးမှာ ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်ရတဲ့အမှုအခြေအနေမှာ ၁၀-၁၂-၂၀၁၄ ရက်နေ့အထိ လက်ကျန်အမှု ၂၇ မှုရှိသဖြင့် မြို့နယ်ဥပဒေအရာရှိတစ်ဦးအနေဖြင့် အမှုလိုက်ပါဆောင်ရွက်ခြင်းလုပ်ငန်းကို စီမံဆောင်ရွက်နိုင်တဲ့အခြေအနေမှာ ရှိပါတယ်။ သို့ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ခန့်ထားတဲ့ဥပဒေအရာရှိအဆင့်(၄) ဦးရေ ၁၅၀ မှာ ၁၂-၁၂-၂၀၁၄ ရက်နေ့မှာ ဗဟိုဝန်ထမ်းတက္ကသိုလ်က သင်တန်းဆင်းလာတဲ့အတွက်ကြောင့် ဥပဒေအရာရှိအဆင့်(၄)များကို လစ်လပ်လျက်ရှိတဲ့နေရာတွေမှာ ဖြည့်တင်းခန့်ထားရာ ရေးမြို့နယ်ဥပဒေရုံးမှာ ၁၅-၁၂-၂၀၁၄ ရက်နေ့က လစ်လပ်နေတဲ့ ဒုတိယမြို့နယ်ဥပဒေအရာရှိတစ်ဦးကိုလည်း ခန့်ထားဆောင်ရွက်ခဲ့ပါတယ်။ တင်ပြပါ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခန့်ထားတဲ့ဥပဒေအရာရှိ

အဆင့်(၄) ဦးရေ ၁၅၀ ဟာ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)မှာ သင်တန်းတက်ရောက်လျက်ရှိပြီး ၎င်းသင်တန်းဆင်းချိန်မှာ လစ်လပ်လျက်ရှိတဲ့ ဥပဒေအရာရှိအဆင့်(၄) ရာထူးများကို ဖြည့်စွက်ခန့်ထား ဆောင်ရွက်မည်ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာလည်း လစ်လပ်အင်အားများကို ထပ်မံဖြည့်စွက်ခန့်ထားရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို တင်ပြဆောင်ရွက်ဖို့ အစီအစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မော်လမြိုင်မြို့မှ ချောင်းဆုံမြို့နယ်သို့ ဆက်သွယ်မည့် ၆၆ KVA ဓာတ်အားလိုင်းလုပ်ငန်းတစ်ခုလုံးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိနှင့် မော်လမြိုင်-ချောင်းဆုံမြစ်ကူးတံတားဆောက်လုပ်ရန် စီမံကိန်းကိုလည်း လျာထားသော အချိန်ကာလတွင်ပြီးစီးနိုင်ခြင်းရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးလှမောင်၊ ချောင်းဆုံမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှမောင်(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချောင်းဆုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်လှမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ကိစ္စကတော့ မော်လမြိုင်မှ ချောင်းဆုံမြို့နယ် ဆက်သွယ်မည့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် မြစ်ကူးတံတားတည်ဆောက်ခြင်းကိစ္စပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းကို လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့ကနေ မေးမြန်းထားပြီးတော့ (၁၁)ကြိမ်မြောက်လွှတ်တော်ပုံမှန်အစည်းအဝေးမှာ မေးမြန်းဖို့ဖြစ်သော်လည်းပဲ ယခုမှမေးမြန်းရတာဖြစ်တဲ့အတွက် သိလိုတဲ့အချက်တွေ အချို့သိသလောက်သိရှိပြီးဖြစ်ပေမယ့် မေးခွန်းမေးလက်စနဲ့ ဆက်လက်မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မော်လမြိုင်မြို့မှ ချောင်းဆုံမြို့နယ်သို့ဆက်သွယ်ပြီး ၆၆ KVA လျှပ်စစ်မဟာဓာတ်အားလိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရန် သက်ဆိုင်ရာတို့က တာဝန်လွှဲအပ်ထားကြောင်း သိရှိရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း အဆိုပါဓာတ်အားလိုင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စတင်တည်ဆောက်ရန် လျာထားသတ်မှတ်ထားကြောင်းသိရှိရပြီး ၎င်းဘဏ္ဍာရေးနှစ် ပထမခြောက်လကာလအတွင်း ဆောင်ရွက်ရန်

လုပ်ငန်းများကို ရာခိုင်နှုန်းမည်မျှပြီးစီးအောင် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းဆိုသည့်ကိစ္စအား သိရှိလိုပါကြောင်းနှင့် ဓာတ်အားလိုင်းလုပ်ငန်းတစ်ခုလုံးပြီးစီးရန် မူလက ကတိကဝတ်ပြုထားသော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်ကာလအတွင်း အမှန်တကယ်ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ ဆိုသည့်ကိစ္စကိုလည်း ဒေသခံများတို့ကသိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ မော်လမြိုင်နှင့် ချောင်းဆုံမြစ်ကူးတံတားဆောက်လုပ်ရေးစီမံကိန်းကိုလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမခြောက်လတွင် အကြိုလုပ်ငန်းများ၊ လေ့လာမှုလုပ်ငန်းများ၊ နေရာရွေးချယ်ခြင်း၊ တိုင်းတာခြင်း၊ စမ်းသပ်ခြင်းများနှင့် တံတားဒီဇိုင်းပုံစံအား အတည်ပြုချက်ရယူခြင်း အစရှိသောကိစ္စရပ်များတို့အပေါ်တွင်လည်းကောင်း၊ ရာသီဥတုအခြေအနေများအပေါ်တွင်လည်းကောင်းစိစစ်သုံးသပ်၍ မည်သည့်ကာလတွင် လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ထားပါကြောင်းနှင့် မြစ်ကူးတံတားတစ်စင်းလုံးဆောက်လုပ်ရာတွင် မူလပြီးစီးရန်လျာထားသောအချိန်ကာလတွင် ပြီးစီးနိုင်ဖွယ်ရှိ/မရှိဆိုသည့်ကိစ္စတို့ကိုလည်း ဒေသခံများတို့ကစိတ်ဝင်စားစွာသိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်(ခေါ်)ဦးနိုင်လှမောင် မေးမြန်းထားတဲ့ မော်လမြိုင်မြို့မှ ချောင်းဆုံမြို့နယ်သို့ဆက်သွယ်မယ့် ၆၆ KVA လျှပ်စစ်မဟာဓာတ်အားလိုင်းကို မူလက ကတိကဝတ်ပြုထားသော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ကာလအတွင်း အမှန်တကယ်ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိနှင့် မော်လမြိုင်နှင့် ချောင်းဆုံမြစ်ကူးတံတားအား မူလပြီးစီးရန်လျာထားသော အချိန်ကာလတွင် ပြီးစီးနိုင်ဖွယ်ရှိ/မရှိတို့ကို သိရှိလိုတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မော်လမြိုင်မြို့မှချောင်းဆုံမြို့သို့ လျှပ်စစ်ဓာတ်အားပို့လွှတ်မည့် ၆၆ KVA လျှပ်စစ်မဟာဓာတ်အားလိုင်းရဲ့ အုတ်မြစ်တိုင်များ ဆောက်လုပ်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံထားရှိပါတယ်။ အဆိုပါ မြစ်ကျော်လျှပ်စစ်တာဝါတိုင် ငါးတိုင်၏ အုတ်မြစ်အတွက် ၁.၅ မီတာအချင်းရှိ ဘိုးပိုင်အလုံး ၁၀၀ ဆောင်ရွက်ရမည်ဖြစ်တဲ့အတွက် ခန့်မှန်းစီမံကိန်းတန်ဖိုးမှာ ကျပ်သန်း ၃၄၀၀ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အပ်ငွေကျပ်သန်း ၃၅၀ ရရှိခဲ့ပြီး၊ ဘိုးပိုင် ၁၄ လုံးဆောင်ရွက်ရမည့်လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါတယ်။ ဒီဇင်ဘာလဆန်းမှာ ကျပ်သန်း ၁၀၀၀ ထပ်မံအပ်နှံတဲ့အတွက် ဘိုးပိုင် ၄၀ လုံးထပ်မံတူးရန်ရှိပြီး ယခုဘဏ္ဍာရေးနှစ်အကုန်မှာ ပြီးစီးအောင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျန်လုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် ထပ်မံလိုအပ်ငွေ ကျပ်သန်းပေါင်း ၂၀၅၀ ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ချထားနိုင်ပါရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ အကြောင်းကြားထားပြီး လုပ်ငန်းများပြီးစီးအောင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မော်လမြိုင်နှင့် ချောင်းဆုံဖြတ်ကူးမည့် သံလွင်တံတား(ချောင်းဆုံ) စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ပထမ ၆ လတာ ကာလအတွင်း တံတားအူကြောင်းနေရာရွေးချယ်ခြင်း၊ ပင်မတံတား၊ ချဉ်းကပ်တံတားနှင့် ချဉ်းကပ်လမ်းအရှည်များ တိုင်းတာခြင်း၊ မြေစမ်းသပ်ခြင်း၊ တံတားဒီဇိုင်းပုံစံထုတ်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။ မူလက ပင်မတံတားကို Nelson Arch Bridge ဖြင့်တည်ဆောက်ရန် ကိုးရီးယားနိုင်ငံမှ Sambo ကုမ္ပဏီနဲ့ ညှိနှိုင်းထားခဲ့သော်လည်း Sambo ကုမ္ပဏီမှ တင်ပြလာသော ဒီဇိုင်းခနှင့်လုပ်ငန်းကြီးကြပ်ခများ၊ အထောက်အကူပစ္စည်း တန်ဖိုးများကြီးမြင့်နေပါသဖြင့် လျှော့ချပေးရန် ညှိနှိုင်းသော်လည်း အဆင်မပြေဖြစ်ခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် Joint Venture ဆောင်ရွက်နေသော J & M Steel Solution ဂျပန်ကုမ္ပဏီဖြင့် ပင်မတံတား၏ သံမဏိသံပေါင်ခေတ်မီ Steel Arch ဖြင့်တည်ဆောက်ရန် ညှိနှိုင်းထားပြီး ဖြစ်ပါတယ်။ ပုံစံအနေနဲ့လည်း မြန်မာပြည်မှာတည်ဆောက်နေကြရိုးရိုးပုံစံမဟုတ်ဘဲ မွန်ပြည်နယ်အတွင်း ခေတ်မီတံတားတစ်စင်းဖြစ်ပေါ်လာမှာဖြစ်ပြီး Landmark သဖွယ်ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။

တံတားတည်ဆောက်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီလ ၈ ရက်နေ့မှာ ပန္နက်တင်အခမ်းအနား ပြုလုပ်ပြီး စတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မူလရန်ပုံငွေ ကျပ်သန်း ၁၀၀၀ ရရှိခဲ့ပြီး ဖြည့်စွက်ရန်ပုံငွေ ကျပ်သန်း ၃၀၀၀ ရရှိခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မူလရန်ပုံငွေကျပ်သန်း ၁၀၀၀၀ တင်ပြတောင်းခံထားပါတယ်။ တံတားအရှည်မှာ ၁၅၈၆ မီတာဖြစ်ပါတယ်။ တံတားတစ်စင်းလုံးအတွက် ခန့်မှန်းစီမံကိန်းတန်ဖိုးမှာ ကျပ်သန်း ၆၀၁၇၀ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ရရှိမယ့်ရန်ပုံငွေဟာ တံတားတစ်စင်းလုံးလိုအပ်တဲ့ ရန်ပုံငွေရဲ့ ၂၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒါကြောင့် တံတားတစ်စင်းလုံးပြီးစီးနိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များအတွင်း ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အကုန်မှာ ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေအရ လယ်ယာမြေများကို လယ်သမားများလက်သို့ ပြန်လည်လွှဲအပ်ရန်နှင့် လ/န(၃၉)ခွင့်ပြုမိန့် မကျသေးသော နစ်နာသူလယ်သမားများအတွက် မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်က ဦးအောင်သိန်းလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လယ်ယာမြေသိမ်းခံရတဲ့အတွက် အသက်မွေးဝမ်းကြောင်းတွေ ဆုံးရှုံးသွားတဲ့ မြေမဲ့၊ ယာမဲ့ လယ်သမားတွေရဲ့ဘဝကို ပြန်လည်ဆည်တင်နိုင်ဖို့ရည်ရွယ်ပြီး ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့သစ်၊ လှိုင်သာယာမြို့သစ်များ အကောင်အထည်ဖော်တဲ့နေရာမှာလည်းကောင်း၊ သန်လျင်ကျောက်တန်းမြို့နယ်များမှာ စက်မှုဇုန်တွေ ဖော်ထုတ်ရာမှာလည်းကောင်း လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် အမိန့် ယခင်အခေါ် လ/န(၃၉)၊ ယခုအခေါ် ပုဒ်မ ၃၀ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) ခွင့်ပြုမိန့်မရှိဘဲ လူနေမြေကွက်တွေ၊ စက်မှုဇုန်မြေကွက်တွေ ဖော်ထုတ်ပေးခဲ့တဲ့နေရာမှာ လှိုင်သာယာမြို့နယ်မှာ ကွင်းပေါင်း ၂၂ ကွင်း၊ မြေဧရိယာပေါင်း ၆၅၃၃.၃၂၆ ဧက၊ ရွှေပြည်သာမြို့နယ်မှာ ကွင်းပေါင်း ရှစ်ကွင်း၊ မြေဧရိယာ ၃၁၇၂.၉ ဧက၊ ကျောက်သန်းမြို့နယ်မှာ ကွင်းပေါင်း ၂၁ ကွင်း၊ မြေဧရိယာ ၅၁၃၁.၁၅ ဧက စုစုပေါင်း ကွင်းပေါင်း ၅၁ ကွင်း၊ လယ်မြေပေါင်း ၁၄၈၃၇.၃၇ ဧကရှိကြောင်း

တိတိကျကျသိရှိထားရပါတယ်။ လ/န(၃၉) ခွင့်ပြုမိန့်မရလို့ မြေသိမ်းအမိန့်ထုတ်ပြန်နိုင်ခြင်းမရှိတဲ့ မြေတွေဟာ မြေသိမ်းဆည်းစဉ်တုန်းကရှိနေတဲ့ တည်ဆဲဖြစ်တဲ့ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေနဲ့ ယခုအသစ်ပြဋ္ဌာန်းထားတဲ့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေတို့အရ ကြည့်မယ်ဆိုလို့ရှိရင် လယ်သမားများကသာ ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်ရှိတာဖြစ်တဲ့အတွက် ဥပဒေအရကြည့်မယ်ဆိုရင် လ/န(၃၉)ခွင့်ပြုမိန့်မကျဘဲ သိမ်းထားတဲ့မြေတွေဟာ သက်ဆိုင်ရာလယ်သမားကို ပြန်ပေးရမှာဖြစ်ပါတယ်။ လယ်ယာမြေသိမ်းဆည်းခံရတဲ့ပြဿနာကို မြေစီမံခန့်ခွဲမှုအဆင့်ဆင့်ကစိစစ်ရာမှာ ဥပဒေနှင့်အညီ စဉ်စားဆုံးဖြတ်ခြင်းထက် မြေရယူထားတဲ့ကုမ္ပဏီတွေ၊ အစိုးရအဖွဲ့အစည်းတွေရဲ့ သဘောဆန္ဒအတိုင်း လိုက်လံစိစစ်ဆုံးဖြတ်နေတာမျိုးမဖြစ်ဖို့အတွက် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) သိမ်းဆည်းစဉ်က တည်ဆဲဖြစ်တဲ့ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေနှင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေတို့အရ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လ/န(၃၉) ခွင့်ပြုမိန့်မရှိပါက ထိုမြေကို မူလလက်ငုတ်လယ်သမားကသာ ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်ရှိသဖြင့် ထိုမြေများကို ဥပဒေနှင့်အညီ လက်ငုတ်လယ်သမားများကို ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိ။ မေးခွန်း(၂) လ/န(၃၉)ခွင့်ပြုမိန့်ကျပြီးသော လယ်မြေများအပေါ်တွင် အဆောက်အဦများ ဆောက်လုပ်ပြီးဖြစ်ပါက နစ်နာသူတောင်သူလယ်သမားကို နစ်နာမှုမရှိအောင်မည်သို့စီမံဆောင်ရွက်ပေးမည်ကိုသိရှိလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေအရ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် လ/န(၃၉) ခွင့်ပြုမိန့်မရရှိပါက မူလလက်ငုတ် လယ်သမားကသာ

ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်ရှိသဖြင့် ရွှေပြည်သာမြို့သစ်၊ လှိုင်သာယာမြို့သစ်နှင့် သန်လျင်ကျောက်တန်း စက်မှုဇုန်ဖော်ထုတ်ရာတွင် လ/န(၃၉) ခွင့်ပြုမိန့်မရှိဘဲ သိမ်းဆည်းထားသော မြေ ၁၄၈၃၇.၃၇ ဧကကို ဥပဒေနှင့်အညီ လက်ငုတ်လယ်သမားများသို့ ပြန်လည်လွှဲအပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ လ/န(၃၉) ခွင့်ပြုမိန့်မကျသေးသော လယ်မြေပေါ်မှာ အဆောက်အဦများ ဆောက်လုပ်ပြီးစီးပြီးဖြစ်ပါက နစ်နာသူ လက်ငုတ်လယ်သမားကို နစ်နာမှုမရှိအောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်း ထားတဲ့မေးခွန်းအား ရှင်းလင်းတင်ပြပါမယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၉၈၉ ခုနှစ်မှ ၁၉၉၇ ခုနှစ် ကာလအတွင်း မြို့သစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုရန် လှိုင်သာယာမြို့သစ်၊ ရွှေပြည်သာမြို့သစ်နှင့် သံလျင်-ကျောက်တန်းဒေသ စက်မှုဖွံ့ဖြိုးရေး Master Plan ကို ကျွန်တော်တို့ ဝန်ကြီးဌာနမှ ရေးဆွဲခဲ့ပါတယ်။ မြို့သစ်စီမံကိန်း New Town Development အတွက် လမ်းမကြီးများ၊ အတွင်းလမ်းများ၊ လူနေမြေကွက်များ၊ ရေနုတ် မြောင်းများ၊ ရုံးဌာနများ၊ စာသင်ကျောင်း၊ ဆေးရုံ၊ အားကစားကွင်း၊ ပန်းခြံ၊ ဈေး၊ မြေကွက်များ အလုပ် အကိုင်ဖွံ့ဖြိုးရေးအတွက် အဆင့်မြင့်အိမ်ရာစီမံကိန်းများ၊ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများစသဖြင့် စနစ်တကျ Master Plan ရေးဆွဲပြီး အကောင်အထည်ဖော်တည်ဆောက်ခဲ့ပါတယ်။

မြို့သစ်တည်ဆောက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့စဉ်က ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ(၃၉) အရ လယ်ယာမြေမှ လူနေမြို့ပြစီမံကိန်းမြေ အဖြစ် ပြောင်းလဲသတ်မှတ်ပေးရန်၊ ဥပဒေနှင့်အညီ လျှောက်ထားခြင်းကို မပျက်မကွက်ဆောင်ရွက်ခဲ့ ပြီး လ/န(၃၉) အမှုတွဲအများစုမှာ သက်ဆိုင်ရာ၏ ခွင့်ပြုမိန့်ရရှိခဲ့ပြီးဖြစ်ပါတယ်။ လ/န(၃၉) ခွင့်ပြုမိန့် ကိစ္စမပြီးပြတ်ဘဲဆောင်ရွက်ဆဲကျန်ရှိနေသော အမှုတွဲများလည်း ရှိပါတယ်။ လ/န(၃၉) ခွင့်ပြုမိန့် မရဘဲ သိမ်းဆည်းထားသည့် မြေဧကများဆိုသည်မှာ မြို့သစ်တည်ဆောက်ရေးစီမံကိန်းအတွက် သိမ်းယူခွင့်ပြုထားသော မြေဧကများအနက်မှ လ/န(၃၉) အမှုတွဲဆောင်ရွက်မှုမပြီးပြတ်ခြင်းသာဖြစ်ပြီး ခွင့်ပြုမိန့်မရှိဘဲ မြေသိမ်းယူခြင်းဟု အဓိပ္ပာယ်မသက်ရောက်စေလိုကြောင်း တင်ပြလိုပါတယ်။ မြို့သစ် စီမံကိန်းနှင့် ယင်းစီမံကိန်းအတွင်း အကျုံးဝင်နေသော လူနေရပ်ကွက်ဖော်ထုတ်ခြင်း၊ အိမ်ရာစီမံကိန်း တည်ဆောက်ခြင်း၊ စက်မှုဇုန်တည်ဆောက်ခြင်းစသည့် စီမံကိန်းလုပ်ငန်းအသီးသီးကို ခွင့်ပြုချက် ရရှိပြီးမှသာ တည်ဆောက်နိုင်ခြင်း ဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မေးခွန်း(၁)အား ပြန်လည်ဖြေကြားလိုသည်မှာ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေအာဏာတည်ဆဲအချိန်ကာလက လယ်ယာမြေကို မြို့သစ်စီမံကိန်းမြေအဖြစ် ပြောင်းလဲသတ်မှတ်ရန် နိုင်ငံတော်အစိုးရ၏ခွင့်ပြုလမ်းညွှန်ချက်အရ ဆောင်ရွက်ခဲ့ခြင်းသည် အခွင့်အမိန့်အရဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ ထိုအချိန်ကာလက မူလလက်ငုတ်လယ်သမားများသည် လယ်ယာမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ကိုသာရရှိခဲ့ကြခြင်းဖြစ်ပြီး လယ်ယာမြေပိုင်ဆိုင်ခွင့်မရှိခြင်း၊ ရန်ကုန်မြို့၏ တိုးပွားလာသည့်လူဦးရေ၊ ပြောင်းလဲလာသည့် လူနေမှုစနစ်တို့အပေါ် ရည်ရွယ်လျက် အနာဂတ်မြို့ပြ Plan အား ရေးဆွဲထားခြင်းဖြစ်ပါသဖြင့် ပြန်လည်လွှဲအပ်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း(၂)နှင့်ပတ်သက်၍ ပြန်လည်ဖြေကြားလိုသည်မှာ လ/န(၃၉) ခွင့်ပြုမိန့်မကျသေးသောမြေပေါ်တွင် အဆောက်အဦများ ဆောက်လုပ်ပြီးစီးပြီးဖြစ်ပါက နစ်နာသူ လက်ငုတ်လယ်သမားများကို စီမံကိန်းဆောင်ရွက်ထားရှိသည့် အခြေအနေပေါ်မူတည်ပြီး ထိုက်သင့်မျှတသော အကျိုးခံစားခွင့်တစ်ရပ်ရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ထပ်ဆင့်မေးခွန်းမေးပါလိမ့်မယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)။** ။ ခုနက ဒုတိယဝန်ကြီးဖြေကြားသွားပါတယ်။ ဖြေကြားသွားတဲ့သဘောလည်း ကျွန်တော်သဘောပေါက်ပါတယ်။ လ/န(၃၉)နဲ့ပတ်သက်ပြီးတော့မှ အမိန့်မထွက်တာတစ်ခုဘဲ ဖြစ်ပါတယ်။ Procedure အရတော့ အားလုံးဆောင်ရွက်ပြီးပြီလို့သူ့အနေနဲ့တင်ပြသွားပါတယ်။ ကျွန်တော်တို့က လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရတဲ့စုံစမ်းရေးကော်မရှင်အနေနဲ့ စိစစ်တဲ့အခါမှာ လ/န(၃၉)ကျဖို့ဆိုလို့ရှိရင် အတိုချုပ်ပြောရမယ်ဆိုရင်သက်ဆိုင်ရာလယ်သမားကို ကာလဒေသတန်ဖိုးနဲ့လျော်ညီတဲ့ မြေလျော်ကြေး၊ နစ်နာကြေး၊ ဂရုဏာကြေးပေးပြီးမှသာ မြေသိမ်းမိန့်ထုတ်ပြန်ပြီးတော့ သိမ်းလို့ရတာဖြစ်ပါတယ်။ အချို့ကိစ္စတွေမှာ လ/န(၃၉)မကျဘဲနဲ့ ကျတဲ့ကိစ္စတွေမှာ လယ်သမားတွေက လျော်ကြေး၊ နစ်နာကြေးမရသေးပါဘူး။ ဒါကြောင့်မို့လို့ ခုနက ဒုတိယဝန်ကြီးတင်ပြသွားသလို Procedure အရ ပြည့်ပြည့်စုံစုံလုပ်ပြီးပြီဆိုတာပိုက်ဆံလျော်တဲ့ Procedure ကျန်နေပါသေးတယ်။ ဥပမာ- ကျွန်တော့်တွေ့ရှိချက်အရဆိုရင်ရွှေပြည်သာမှာ ငွေလျော်ထားတာ လယ်သမား ၁၀၁ ယောက်ပဲရှိပါတယ်။ ဒီမှာ လ/န(၃၉) မကျသေး

တဲ့ဟာဆိုလို့ရှိရင် ၃၁၇၂.၉ ဧက ရှိပါတယ်။ အလားတူပဲ ကျွန်တော်တို့ဆီလာတိုင်တဲ့ လယ်သမား တွေထဲမှာ မြေလျော်ကြေးမရဘဲနဲ့ လ/န(၃၉)မကျသေးဘဲနဲ့ သိမ်းထားတဲ့မြေတွေရှိပါတယ်။ အဲ့တော့ ဒီလို လ/န(၃၉) Procedure အပြည့်အစုံမလုပ်ရသေးတဲ့မြေတွေနဲ့ ပတ်သက်ပြီးတော့မှ ဘယ်လို စိစစ်ပြီးတော့မှ ဘယ်လိုပြန်ဖြေရှင်းပေးမလဲဆိုတာ ကျွန်တော့်အနေနဲ့ သိချင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြန်လည်ဖြေကြားပေးနိုင်ရင် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတာနဲ့ပတ်သက်ပြီးတော့ ဖြေရမယ်ဆိုရင် ဒီသိမ်းဆည်းတဲ့ကိစ္စတွေက ယခုခေတ်မှ ဆောင်ရွက် တဲ့ကိစ္စတွေမဟုတ်ပါဘူး။ ဒါတွေဟာ ၁၉၈၉ ခုနှစ်နဲ့၁၉၉၇ ခုနှစ် ကာလအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ ကိစ္စတွေဖြစ်ပါတယ်။ ထိုစဉ်ကရှိခဲ့တဲ့ တည်ဆဲအစိုးရရဲ့ ခွင့်ပြုမိန့်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ကိုယ်ပိုင်အစီအစဉ်နဲ့ ဆောင်ရွက်ခြင်းမဟုတ်ပါဘူး။ အဲ့တော့ ၁၉၈၉ ခုနှစ်နဲ့ ၁၉၉၇ ခုနှစ် ကာလမှာဆောင်ရွက်စဉ်ကတည်းက မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီး ဌာနက တည်ဆဲဥပဒေနှင့်အညီ လ/န(၃၉)ကို လျှောက်ထားခဲ့ပြီးဖြစ်ပါတယ်။ လျှောက်ထားခဲ့ခြင်းဖြစ် တဲ့အတွက် အများစုကလည်းကြားသိပြီးဖြစ်သလို တချို့ကျန်နေသေးတဲ့အမှုတွဲတွေကျန်နေခြင်းပဲ ဖြစ်ပါတယ်။ ဒီအမှုတွဲများကို Procedure အရ တင်ပြထားပြီး ဖြစ်ပါတယ်။ တင်ပြရမယ်ဆိုရင် လှိုင်သာယာမှာရှိတဲ့၊ သိမ်းဆည်းခဲ့တဲ့ မြေဧကစုစုပေါင်းဟာ ၁၇၈၆၁.၄၈၆ ရှိတဲ့ အနက် လ/န(၃၉) ကျပြီး မြေဧကပေါင်းဟာ ၁၁၃၂၈.၁၆ ဖြစ်တဲ့အတွက် အခုကျန်နေတာဟာ ၆၅၃၃ ဖြစ်ခြင်းဖြစ်ပါ တယ်။ ရွှေပြည်သာမှာ ဆောင်ရွက်ခဲ့တဲ့ပမာဏဟာ ၈၉၅၀ အနက် ၅၇၇၃.၃၈ ဧကဟာ လ/န(၃၉) ရရှိပြီးဖြစ်ပါတယ်။ အခုကျန်ရှိတဲ့ဟာ ၃၁၇၂.၉ ဖြစ်ပါတယ်။ အလားတူပဲ သန်လျင်၊ ကျောက်တန်းမှာ လည်းပဲ စီမံကိန်းလုပ်ခဲ့တဲ့ဧကဟာ စုစုပေါင်း ၈၀၁၃.၂၂ ဧကဖြစ်ပြီးတော့ လ/န(၃၉)ကျပြီးသားက ၂၈၈၂.၀၇ ဖြစ်တဲ့အတွက် လျှောက်ထားဆဲအမှုတွဲက ၅၁၃၁ ဖြစ်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ပေါင်း ရမယ်ဆိုရင် လ/န(၃၉)လျှောက်ထားမှု စုစုပေါင်းက ၃၄၈၂၄.၉၈၆ မှ ၁၉၉၈၇.၆၁ ကျပြီးတော့ ၁၄၈၃၇.၃၇၆ မကျခြင်းသာဖြစ်ပါတယ်။ ဒီလျော်ကြေးပေးမှုအခြေအနေနဲ့ ပြောရမယ်ဆိုရင် လှိုင်သာယာမြို့နယ်မှာ မြေဧကပေါင်း ၂၀၃၇.၁၉ ဧကအတွက် စုစုပေါင်း ငွေကျပ်သန်းပေါင်း ၃၉၈၉.၂၉ ကိုပေးလျော်ခဲ့ပြီးဖြစ်ပါတယ်။ ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုံမှာ ဧက ၇၆ ဧက အတွက် စုစုပေါင်းငွေကျပ် ၂၁၂၅.၂ ပေးလျော်ခဲ့ပြီးဖြစ်ပါတယ်။ သန်လျင်၊ ကျောက်တန်းမြို့နယ်မှာ

၆၇၈၀ ဧကအတွက် ၁၃၂၇.၂၃၂ သန်းလည်း ပေးလျော်ခဲ့ပြီးဖြစ်ပါတယ်။ အလားတူပဲ စက်မှုဇုန်တွေမှာ ရှိနေတဲ့၊ စက်မှုဇုန်တွေမှာလုပ်နေတဲ့ ကုမ္ပဏီများက တိုက်ရိုက် လယ်သမားများနဲ့ညှိနှိုင်းပြီးတော့ ပေးလျော်ဖို့ကိုလည်းပဲ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

**ဦးစောသိန်းအောင်၊ လှိုင်းဘွဲမဲဆန္ဒနယ်က ယနေ့လက်ရှိအခြေအနေတွင် ဒေသန္တရ ရပ်ကွက်၊ ကျေးလက်များ၌ တစ်နေ့တခြား ပိုမိုဆိုးဝါးလာသည့် မူးယစ်ဆေးဝါးသုံးစွဲမှုကို အပြီးသတ်တားဆီး နှိမ်နင်းရေးအတွက် တာဝန်ရှိ ပြည်ထောင်စုမူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့ကို ကူညီပံ့ပိုး ပေးနိုင်မည့် ဒေသန္တရ ရပ်ကွက်၊ ကျေးလက်မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်တားဆီးရေးအဖွဲ့ကို နိုင်ငံတော်မှ ဦးဆောင်ဖွဲ့စည်းပေး၍ တာဝန်ပေးသင့်ကြောင်း ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ လှိုင်းဘွဲမဲဆန္ဒနယ်က ဦးစောသိန်းအောင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆို တင်သွင်းဖို့ ဦးစောသိန်းအောင်အား ဖိတ်ခေါ်ပါတယ်။

**ဦးစောသိန်းအောင်(လှိုင်းဘွဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော် အစည်းအဝေးပြီးချိန်မှာ ပြည်သူလူထုထံဆင်းပြီးတော့ လွှတ်တော်အတွေ့အကြုံရှင်းတိုင်းမှာ ပြည်သူ ထံမှ တစ်သံတည်းထွက်ပေါ်လာတဲ့အသံကတော့ မိမိတို့ဒေသမှာ မူးယစ်ဆေးဝါးကြောင့် စာသင် အရွယ် အလယ်တန်း၊ အထက်တန်းကျောင်းသားကျောင်းသူများ မူးယစ်ဆေးဝါးသုံးစွဲနေကြသဖြင့် မိဘများမှ အထူးစိုးရိမ်ကြကြောင်း ဆွေးနွေးလာကြပါတယ်။ ရပ်ကွက်/ကျေးရွာများရှိ လူငယ်၊ လူလတ်၊ လူကြီးတော်တော်များများမှလည်း မူးယစ်ဆေးဝါးသုံးစွဲခြင်းများရှိကြောင်း၊ ယခင်ရိုးရာဓလေ့ ပျော်ပွဲရွှင်ပွဲ၊ ဘာသာရေးပွဲများမှာ ကျေးလက်ဒေသဓလေ့အရ ပါဝင်ချက်ပြုတ်ကြတဲ့အိုးသူကြီးများပင် ထမင်းကျွေးမွေးဧည့်ခံကြသော ကာလသား/ကာလသမီးများ အလှူပြီးချိန်မှာ မိမိတို့အပန်းဖြေဖို့

အတွက် အလှူရှင်က ယခင်တောအရက်နဲ့ ဆုပေးနိုင်ကြပေမယ့် အခုမှာတော့ မူးယစ်ဆေးဝါးကို တောင်းဆိုလာကြပါတယ်။ ထို့အပြင် လက်သမား၊ ပန်းရံသမား၊ နေ့လုပ်နေ့စားအလုပ်သမားတို့မှာလည်း နေ့တွက်အခကြေးငွေအတွက် မူးယစ်ဆေးဝါးကိုပင် တောင်းဆိုလာသည်ဖြစ်ကြောင်း၊ ဤသို့ မိမိတို့ဒေသရှိ ဆိုးဝါးလှသည့်မူးယစ်ဆေးဝါးကို တင်ပြလာကြပါတယ်။ ဤသို့ဆိုးဝါးလာသော မူးယစ်ဆေးဝါးဆေးသုံးစွဲမှုအတွက် နိုင်ငံတော်သို့တင်ပြတောင်းဆိုပေးရန် ရပ်ကွက်/ကျေးလက်နေပြည်သူတို့မှ မိမိတို့ရဲ့သားသမီးများအတွက် စိုးရိမ်ခြင်းကြီးစွာနှင့် မူးယစ်ဆေးသုံးစွဲမှုကာကွယ်တားဆီးဖို့ အကူအညီတောင်းခံလာကြပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှာ ဆိုးဝါးလာတဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုကို သက်ဆိုင်ရာလွှတ်တော်အစည်းအဝေးတိုင်းမှာ လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်းဖြင့်လည်းကောင်း၊ ကြယ်ပွင့်မပြမေးခွန်းဖြင့်လည်းကောင်း လွှတ်တော်အစည်းအဝေးကာလတိုင်းမှာ အကြိမ်ကြိမ်မေးမြန်းခဲ့ပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့မေးမြန်းချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ မိမိတို့ဝန်ကြီးဌာနအနေနဲ့ စနစ်တကျစီမံကိန်းဆောင်ရွက်နေကြောင်း ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကိုလည်း စာရင်းနှင့်တကွပြန်လည်ဖြေကြားခဲ့ပါတယ်။ ဒီလိုပြန်လည်ဖြေကြားတဲ့နေရာမှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုကို ငါးနှစ်တစ်ကြိမ်ကျစီမံကိန်းချဆောင်ရွက်နေခြင်းဟာ စိုက်ပျိုးထုတ်လုပ်နေတဲ့ဒေသအတွက် နစ်နာဆုံးရှုံးမှုမရှိအောင် စီမံဆောင်ရွက်နေခြင်းဖြစ်တဲ့အတွက် သင့်မြတ်လှပါတယ်။ သို့သော်လည်း စိုက်ပျိုးထုတ်လုပ်မှု မရှိတဲ့ဒေသမှာ လက်ရှိရောင်းဝယ်သုံးစွဲနေကြတဲ့အခြေအနေကို အရေးတကြီးတားဆီးနှိမ်နင်းမှုမရှိသေးဘဲ ငါးနှစ်လောက်အချိန်ဆွဲခြင်းဟာ ရောင်းဝယ်သုံးစွဲတဲ့အရပ်သူအရပ်သားများကို တစ်နှစ်ထက်တစ်နှစ်ပိုမိုများပြားလာအောင် အချိန်ဆွဲအခွင့်သာပေးသလိုဖြစ်နေပါတယ်။ ယခုအခြေအနေအရ ဒေသမှာတိုးပွားလာတဲ့မူးယစ်ဆေးဝါးသုံးစွဲမှုကို ကြည့်ခြင်းအားဖြင့် သက်သေပြနေပါတယ်။ ဒါကြောင့် စီမံကိန်းဖြင့်မူးယစ်ဆေးဝါးကာကွယ်တားဆီးမှုကို လျှော့နံ့ဓားထစ်တရားသေသဘောမျိုးနဲ့ စီမံဆောင်ရွက်တာထက် ဒေသရဲ့ထူးခြားတဲ့အခြေအနေအရ အရေးတကြီးဆောင်ရွက်သင့်တာကို အချိန်မဆွဲဘဲ နည်းဗျူဟာပြောင်းလဲသင့်က ပြောင်းလဲဖို့လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။

မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးနှိမ်နင်းမှုကို အစိုးရရဲ့တာဝန်သာမဟုတ်ဘဲ ပြည်သူလူထုမှာလည်း တာဝန်ရှိတဲ့အကြောင်း ဝန်ကြီးမှပြန်လည်ဖြေကြားခြင်းဟာလည်း သင့်မြတ်တဲ့ပြန်လည်ဖြေ

ကြားချက်ဖြစ်ပါတယ်။ ပြည်သူများမှ လက်ရှိဖြစ်ပေါ်နေတဲ့၊ ဒေသမှာဖြစ်နေတဲ့အနေအထားကြောင့် သူတို့မှာလည်း တော်တော်လေးရင်ထုမနာဖြစ်နေကြပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူများအနေနဲ့ ယနေ့ဆိုရင် ဒေသခံပြည်သူတွေက နောင်မျိုးဆက်သစ်များရဲ့ လက်ရှိမူးယစ်ဆေးအန္တရာယ်ကို လွန်စွာ စိုးရိမ်လာကြတဲ့အတွက် မိမိတို့မှပူးပေါင်းပါဝင်ဆောင်ရွက်လိုကြောင်း တင်ပြဆွေးနွေးလာပါတယ်။ မိမိတို့ရပ်ကွက်၊ ကျေးလက်တွေမှာ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးအဖွဲ့ကို ဖွဲ့စည်းလိုကြောင်း၊ ဤသို့စုပေါင်းဆောင်ရွက်မှသာ မိမိတို့ဒေသမှာ မူးယစ်ဆေးဝါးအန္တရာယ်ကိုကာကွယ်တားဆီးနိုင်မည် ဖြစ်ကြောင်း၊ ဤရပ်ကွက်/ကျေးလက်မူးယစ်ကာကွယ်တားဆီးရေးကို နိုင်ငံတော်က ဦးဆောင်ဖွဲ့စည်း တာဝန်ပေးမှသာ အရာရောက်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အဖွဲ့အစည်းအနေနှင့် ကျေးလက်အဖွဲ့ အစည်း ပူးတွဲတာဝန်ယူမှသာ ထိရောက်အောင်မြင်မည်ဖြစ်ကြောင်း ရိုးသားစွာအကြံပြုဆွေးနွေး တင်ပြလာကြပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ သက်ဆိုင်ရာ သက်ဝင်ယုံကြည် ကြတဲ့ ဘာသာသာသနာအသီးသီး၏အဆုံးအမနဲ့ ယဉ်ကျေးမှုအစဉ်အလာကြီးလာခဲ့တဲ့နိုင်ငံ ဖြစ်ပါ တယ်။ တိုင်းရင်းသားအသီးသီးမှာလည်း မိမိတို့ရဲ့ရိုးရာယဉ်ကျေးမှုဓလေ့နဲ့ မိမိတို့ရဲ့ယဉ်ကျေးမှုကို ထိန်းသိမ်းလာကြတာဟာ နှစ်ပရိစ္ဆေဒရှည်လျားစွာကြာမြင့်ခဲ့ပါပြီ။ အခုဆိုရင် ဆိုးသွမ်းတဲ့မူးယစ် ဆေးဝါးသုံးစွဲမှုကြောင့် မိမိတို့ရဲ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ဖို့ ခက်ခဲလာပြီဖြစ်ပါတယ်။ အမှား ကိုအမှန်ထင်၊ ဒီအမှန်လို့ထင်တဲ့အမှား မူးယစ်ဆေးဝါးသုံးစွဲမှုကို အချိန်မီမတားဆီးနိုင်ဘဲ နောင်တွင် ရိုးရာဓလေ့အဖြစ်လက်ခံလာကြလျှင် ကျွန်တော်တို့သမိုင်းဟာ မစဉ်းစားရဲစရာဖြစ်ရပါတော့မယ်။ သို့ဖြစ်ပါ၍ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ရဲ့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုတဲ့ လွှတ်တော်ဆောင်ပုဒ်ကိုအလေးထားလျက် နိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်သူများကိုယ်စား ယနေ့လက်ရှိအခြေအနေတွင် ဒေသန္တရ ရပ်ကွက်၊ ကျေးလက်များ၌ တစ်နေ့ တခြားပိုမိုဆိုးဝါးလာသည့် မူးယစ်ဆေးဝါးသုံးစွဲမှုကို အပြီးသတ်တားဆီးနှိမ်နင်းနိုင်ရေးအတွက် တာဝန် ရှိ ပြည်ထောင်စုမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ကို ကူညီပေးနိုင်မည့် ဒေသန္တရ ရပ်ကွက်၊ ကျေးလက်မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးအဖွဲ့ကို နိုင်ငံတော်ကဦးဆောင်၍ တာဝန်ပေးသင့် ကြောင်း ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အလေးအနက်တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မှုကြမ်း**

**ဥက္ကဋ္ဌ။** ။ ဦးစောသိန်းအောင် တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦး အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)။** ။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ ကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါ တယ်ရှင်။ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင်ရဲ့အဆိုနှင့်ပတ်သက်ပြီး ကျွန်မ အနည်းငယ် ထောက်ခံဆွေးနွေးလိုပါတယ်ရှင်။ ကျွန်မရဲ့ ဘားအံမဲဆန္ဒနယ်မှာ ဖြစ်ပျက်နေတာလေးတွေက အပြော ကောင်းတော့နားထောင်ကောင်းသလို ပြောပြန်ရင်လည်း ကျွန်မတို့ရဲ့ပြည်နယ်ကို ပြန်ပြီးတော့တင်စား သလိုဖြစ်နေပါတယ်ရှင်။ ဒါပေမယ့် တကယ့်ဖြစ်ရပ်မှန်တွေပါလို့ ကျွန်မတင်ပြလိုပါတယ်။ ကျွန်မရဲ့ မြို့နယ်တွင်းမှာပဲ တက္ကသိုလ်ကျောင်းသားလူငယ်ထုအတွင်းမှာ မူးယစ်ဆေးဝါးသုံးစွဲနေတာတွေက အင်မတန်မှကို များပြားနေတာကို တွေ့ရပါတယ်။ မိဘတွေအနေနဲ့ကတော့ ငွေကုန်ကြေးကျ မြောက်မြားစွာကျခံပြီးတော့ (၁၀)တန်းကို အောင်မြင်အောင်ကြိုးစားပေးခဲ့ပါတယ်။ ဒါပေမယ့် တက္ကသိုလ်ကျောင်းသားတွေက ဒီတက္ကသိုလ်ရောက်တဲ့အခါမှသာ သူတို့ရဲ့ဘဝဟာ တက္ကသိုလ် ကျောင်းသားဘဝကနေ ထောင်နန်းစံရတဲ့အကျဉ်းသားဘဝတွေကို တချို့ကရောက်ရှိနေကြတာ တော်တော်များများဖြစ်နေပါပြီလို့ ကျွန်မသိရပါတယ်ရှင်။ မိဘတွေကလည်းပဲ မိဘတွေရဲ့ မျှော်လင့်ချက်တွေက ပျက်သုဉ်းသွားပြီးတော့ သဲထဲရေသွန်သလိုမျိုးဖြစ်နေကြပါတယ်ရှင်။ ပြီးတော့ ကျေးလက်လူငယ်တွေပါ ခေတ်သစ်အင်္ဂလိမာလလို့ပြောရင်လည်း မမှားပါဘူးရှင့်။ ကျွန်မတို့ရဲ့ ဒီ လွှတ်တော်မတိုင်ခင်လေးမှာပဲ ဖြစ်ပျက်နေတဲ့တစ်ခုကတော့ မူးယစ်ဆေးဝါးလိုအပ်တဲ့အချိန်မှာ အမေ ကိုတောင်းပါတယ်။ အဲ့ဒီအခါမှာ အမေက ပိုက်ဆံမပေးတဲ့အတွက်ကြောင့် သူက ဓါးနဲ့အမေ့ကို လိုက်ခုတ်ပါတယ်။ ဒီတော့ ရွာကလူတွေက အမေကိုဖွက်ထားတဲ့အချိန်မှာ သူကဖွက်ထားရကောင်း လားဆိုပြီးတော့ အမေ့ကိုမခုတ်ရတဲ့အခါမှာ အိမ်ကိုမီးပြန်ပြီးတော့ ရှို့ပါတယ်။ အဲ့ဒီတော့ အဲ့ဒီမီးထဲမှာပဲ သူနှင့်အတူ အိမ်ဖော်ပါ အသက်ဆုံးရှုံးရပါတယ်ရှင့်။ ဒါလေးကတော့ တကယ့်အဖြစ်အပျက်တွေပါ။ နောက်ပြီးတော့ ကျေးလက်တွေမှာ ခုနက ဦးစောသိန်းအောင် ပြောပါတယ်။ ကျွန်မတို့ ဗုဒ္ဓဘာသာ ကရင်တွေမှာ ရိုးရာပွဲတွေလုပ်တဲ့အခါမှာ၊ အရိုးကောက်ပွဲတွေ လုပ်တဲ့အခါမှာ ဒီအရက်တွေက ပါလာရ ပါတယ်။ အဲ့ဒီလိုမျိုးလုပ်တဲ့အခါမှာ အရင်ကဆိုရင် တောအရက်လေးနဲ့ပြီးပေမယ့် အခုတော့ မဟုတ်တော့ပါဘူး။ အထူးသဖြင့် ဘိုးဘိုးကြီးတွေကိုလည်း ကျွန်မတို့ကန်တော့ရပါတယ်။ ကျေးရွာ

စောင့်တဲ့ဘိုးဘိုးကြီးတွေကို ကန်တော့တဲ့အခါမှာ ဟိုတုန်းက အချိုရည်လေးနဲ့ကိုပြီးပါတယ်။ အခုတော့ မဟုတ်တော့ပါဘူး။ ဒါက အမှန်တကယ် ပြောပြနေတာပါ။

ဥက္ကဋ္ဌကြီး အနည်းငယ် ကျွန်မပြောပြပါရစေ။ ဘိုးဘိုးကြီးကိုကန်တော့တဲ့အချိန်မှာ နတ်ပူးပါတယ်။ ရွာသားတစ်ယောက်ကိုနတ်ပူးတဲ့အခါမှာ ဘိုးဘိုးကြီးကနေပြီးတော့ သူ့ကိုပြောပါတယ်တဲ့ဆိုပြီးတော့ ဘိုးဘိုးကြီးဘာလိုအပ်ပါသလဲလို့ ရွာသားတွေမေးတဲ့အခါမှာ သူ့ကို အချိုရည်ကို တစ်ခုပြီးတစ်ခု ပြောင်းတိုက်တဲ့အခါမှာ သူကလက်မခံပါဘူး။ နောက်ဆုံးမှာ WY လို့ခေါ်တဲ့ ဒီမူးယစ်ဆေးဝါးပါတဲ့ မြင်းဆေးသောက်ချင်ပါတယ်ဆိုပြီးတော့ အဲ့လိုမျိုးတွေပါပြောလာပါတယ်ရှင့်။ ဒါက ကျွန်မတို့အနေနဲ့ကို ရွာသားတွေကတော့ မယုံရဲတဲ့အတွက်ကြောင့်ပေါ့နော်။ မြင်းဆေးကိုပါ မဖြစ်မနေ ဘိုးဘိုးကြီးကို တိုက်ရပါတယ်ရှင့်။ ဒါကြောင့်မို့လို့ တစ်နေ့တစ်ချိန်မှာ ကျွန်မတို့ကရင်ပြည်နယ်ဟာ ဒါတောင်မှ ကျွန်မရဲ့မြို့နယ်ဟာဆိုရင် မြို့တော်ဖြစ်တဲ့အတွက်ကြောင့်ပေါ့နော်။ ဒီအနီးအနား ဒီရွာလေးတွေမှာတောင် ဒီလောက်ဖြစ်ပျက်နေတယ်ဆိုရင် တကယ့်ဝေးလံတဲ့အခြားမြို့နယ်တွေမှာဆိုရင် ဒီဥပဒေမဲ့တဲ့လုပ်ရပ်တွေဟာ ပိုမိုပြီးတော့များပြားလာမှာဖြစ်ပါတယ်ရှင်။ ဒါကြောင့် ဦးစောသိန်းအောင်ရဲ့ ခုနကအဆိုထဲမှာ ပါဝင်နေတဲ့ ကျေးရွာ၊ ရပ်ကွက်တွေအဆင့်အထိ ကျွန်မတို့ရဲ့လူငယ်ထုတွေရော၊ ရှိထားပြီးသား လူမှုအထောက်အကူပြုအဖွဲ့အစည်းတွေ NGO, INGO တွေ၊ မီးသတ်အဖွဲ့ဝင်တွေ၊ မိခင်ကလေးတွေပါ မကျန် ဒါလေးတွေပါဝင်ဖွဲ့စည်းနိုင်ဖို့အတွက် ကျွန်မအနေနဲ့ လေးလေးနက်နက်ထောက်ခံပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာနက ပြန်လည်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင်ရဲ့အဆိုနှင့် စပ်လျဉ်း၍ ကျွန်တော်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပြဿနာဟာ ကမ္ဘာတစ်ဝှမ်းလုံးမှာ ရင်ဆိုင်ဖြေရှင်းနေရတဲ့ပြဿနာဖြစ်ပြီးတော့ ကမ္ဘာ့လူဦးရေရဲ့ အရွယ်ရောက်သူ သန်း

၂၃၀ ကျော်မှာ မူးယစ်ဆေးဝါးကို တစ်ကြိမ်သုံးစွဲခဲ့သူများဖြစ်ပြီးတော့ ၂၇ သန်းခန့်ကတော့ မူးယစ်ဆေးဝါးသုံးစွဲလျက်ရှိကြောင်း နှစ်စဉ် ဝ.၂ သန်းခန့်ဟာ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သေဆုံးကြကြောင်း၊ ကမ္ဘာ့မူးယစ်ဆေးဝါးဆိုင်ရာအစီရင်ခံစာမှာ ဖော်ပြပါရှိပြီးဖြစ်ပါတယ်။ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းဖို့အတွက်ကို ကုလသမဂ္ဂက ၁၉၆၁ ခုနှစ်၊ မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ်၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာကွန်ဗင်းရှင်းနှင့် ၁၉၈၈ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ တရားမဝင်သယ်ဆောင်ရောင်းဝယ် တိုက်ဖျက်ရေးဆိုင်ရာကွန်ဗင်းရှင်းများကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့ပြီးလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာမှာ ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၈/၁၉၇၆)ဖြင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နဲ့ လုပ်ငန်းအဖွဲ့ကိုးဖွဲ့ကို စတင်ဖွဲ့စည်းပြီးတော့ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်းစုံမှတိုက်ဖျက်ရေး၊ ချေမှုန်းရေးနဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရဲ့ဘဝဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးစတဲ့ မဟာဗျူဟာနှစ်ရပ်ကိုလည်း ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းမဟာဗျူဟာနှစ်ရပ်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့အတွက်ကို ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနဲ့ တားဆီးနှိမ်နင်းရေးစတဲ့ နည်းဗျူဟာသုံးရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ဖို့အတွက်ကို မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေကို ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့မှာလည်းကောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များမှာ နိုင်ငံအချင်းချင်းကူညီပေးရေးဥပဒေအား ၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့မှာလည်းကောင်း၊ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေအား ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှာလည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှာလည်းကောင်း အသီးသီးပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးဗဟိုအဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်

နိုင်ဖို့အတွက်ကို မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၂၀၁၁ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၇/၂၀၁၁) အရ အဖွဲ့ဝင် ၁၉ ဦးနဲ့ ဖွဲ့စည်းပြီးတော့ တားဆီးနှိမ်နင်းရေးနဲ့ စီမံခန့်ခွဲရေး၊ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး၊ သီးနှံများအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသား လူငယ်များအားအသိပညာပေးရေး၊ ပြည်သူများအားအသိပညာပေးလှုံ့ဆော်ရေး၊ နိုင်ငံတကာ ဆက်ဆံရေး၊ ထိန်းချုပ်ဓာတုဆေးဝါးကြီးကြပ်ရေးစတဲ့ အဖွဲ့ ၁၀ ဖွဲ့ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၂)နဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါး ပပျောက်ရေး(၁၅)နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ငါးနှစ်ထိ အပိုင်း သုံးပိုင်းခွဲပြီး ဆောင်ရွက်ခဲ့ရာမှာ ဘိန်းစိုက်ပျိုးမှုပြန်လည်မြင့်တက်လာခြင်း၊ စိတ်ကျဆေးဝါးသုံးစွဲမှု ပြဿနာများမှာ လူငယ်ထုအတွင်း ပိုမိုပြန့်နှံ့လာခြင်းနဲ့ အခြားစိတ်ကျဆေးဝါးများ ပေါ်ထွက်လာခြင်း အခြေအနေကို ထိန်းချုပ်နိုင်ဖို့အတွက်ကို စီမံကိန်းကာလကို ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ ထိကို နောက်ထပ်ငါးနှစ်စီမံကိန်းကိုလည်း ထပ်မံတိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် မူးယစ်ဆေးဝါးပပျောက်ရေးဌာနကိုလည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အဖြစ် ပြင်ဆင်ဖွဲ့စည်းပြီး မူးယစ်တပ်ဖွဲ့သုံးဖွဲ့အား ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့မှာ ဖွင့်လှစ်ထားရှိပြီး တပ်ဖွဲ့စု ၅၀ အထိတိုးချဲ့ဖွဲ့စည်းကာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်တပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့စုများရဲ့ တည်နေရာများကို မူးယစ်ဆေးဝါးစိုက်ပျိုး ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုလမ်းကြောင်းနဲ့ သုံးစွဲမှုအတိုင်းအတာများပေါ်မူတည်ပြီး သတ်မှတ်နေရာများချမှတ်ထားသော်လည်း လှုပ်ရှားတပ်ဖွဲ့များအနေနဲ့လည်း ဆောင်ရွက်လျက်ရှိပါ တယ်။ မူးယစ်ဆေးဝါးအန္တရာယ်ဆိုးရွားလာဖွယ်ရှိပါက တပ်ဖွဲ့စုများက စုစည်းပြီး အဆိုပါနေရာများကို စေလွှတ်၍ စစ်ဆင်ရေးများသဖွယ် ဆောင်ရွက်လျက်လည်းရှိပါတယ်။ မူးယစ်ဗဟိုအဖွဲ့အား မူးယစ် ဆေးဝါးထုတ်လုပ်မှုလျှော့ချရေးနဲ့ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးလုပ်ငန်းစဉ်ကြီး နှစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထုတ်လုပ်မှုလျှော့ချရေး၊ လုပ်ငန်းစဉ်အောက်မှာ တားဆီး နှိမ်နင်းရေး၊ အစားထိုးဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတုပစ္စည်းထိန်းချုပ်ရေး ကာလတို့ပါဝင် ပြီး သုံးစွဲမှုလျှော့ချရေးလုပ်ငန်းစဉ်အောက်မှာ ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသား လူငယ်များအား အသိပညာပေးရေး၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေး၊ နိုင်ငံတကာဆက်ဆံရေး ကဏ္ဍများတို့လည်း ပါဝင်ပါတယ်။ အဆိုပါလုပ်ငန်းစဉ်ကြီးနှစ်ရပ်ကို ဟန်ချက်ညီ ပေါင်းစပ်အကောင်

အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဗဟိုအဆင့်မှာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ဦးဆောင်ကာဆောင်ရွက်နေသကဲ့သို့ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(က)အား မူးယစ်ဗဟိုအဖွဲ့ရဲ့ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် ရက်စွဲပါစာအမှတ်(၂/၂၀၁၁)ဖြင့် ထုတ်ပြန်ချက်များအရ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့်ထိ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တားဆီးကာကွယ်ရေးအဖွဲ့များကိုလည်း ဖွဲ့စည်းကာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့မှ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌက ခန့်အပ်တာဝန်ပေးအပ်သူနှစ်ဦးမှ သုံးဦးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းအရာရှိအား အတွင်းရေး မှူးအဖြစ်လည်းကောင်း တာဝန်ပေးအပ်ထားပြီးလည်း ဖြစ်ပါတယ်။ ဒီအဖွဲ့ဟာ သက်ဆိုင်ရာမြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ကို တာဝန်ခံခြင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သောဆေးဝါးသုံးစွဲသူစာရင်းကောက်ယူပြုစုခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲသူများအား ဆေးဝါးသုံးစွဲသူကုသရေးဌာနနဲ့ ဆေးကုဂေဟာများမှာ ဆေးကုသခံနိုင်ရေး အတွက်ကို ပညာပေးစည်းရုံးခြင်း၊ ဆေးဝါးသုံးစွဲသူများအား မှတ်ပုံတင်ဌာနများမှာ မှတ်ပုံတင်စာရင်း သွင်းနိုင်ရေးအတွက်ကို ပညာပေးစည်းရုံးကူညီဆောင်ရွက်ပေးခြင်း၊ ဆေးဝါးသုံးစွဲသူကုသရေးဌာနနဲ့ ဆေးကုဂေဟာများမှာ ဆေးကုသခံယူပြီးသူများနှင့် ပြန်လည်ထူထောင်ရေးသင်တန်းများ တက်ရောက် ပြီးသူများအား နောက်ဆက်တွဲစောင့်ရှောက်မှုလုပ်ငန်းများမှာ ကူညီဆောင်ရွက်ပေးခြင်းစတဲ့လုပ်ငန်း တာဝန်များကိုလည်း သတ်မှတ်တာဝန်ပေးအပ်ပြီး ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပြဿနာဟာ လူ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခု တစ်နိုင်ငံတည်း တိုက်ဖျက်၍မရဘဲ လူတစ်ဦး ချင်းစီမှ အဖွဲ့အစည်းများ၊ နိုင်ငံတစ်နိုင်ငံမှ ဒေသတွင်းနဲ့ နိုင်ငံတကာရှိ နိုင်ငံများအားလုံး ပူးပေါင်း ဆောင်ရွက်မှသာ အောင်မြင်မှုရနိုင်မှာ ဖြစ်ပါတယ်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာမှာ သက်ဆိုင်ရာ ဌာနများအတွင်း အချင်းချင်းပူးပေါင်းဆောင်ရွက်မှုအပြင် ပြည်သူလူထုရဲ့ပါဝင်ဆောင်ရွက်မှုရရှိမှသာ လျင်မြန်ထိရောက်သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မှာဖြစ်ပါ တယ်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အဆင့်ထိ မူးယစ်

ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီးဖြစ်တဲ့အပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများရဲ့ လုပ်ငန်းတာဝန်များမှာ မှုခင်းများနှင့်ဒုစရိုက်မှုများ ဖော်ထုတ်ခြင်း၊ သတင်းပေးတိုင်ကြားခြင်း၊ ဖမ်းဆီးအရေးယူခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများအား သတင်းပို့ခြင်းနှင့်ကူညီခြင်းဟု ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(င)မှာလည်း ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆ ပုဒ်မခွဲ(က)နဲ့ (ဂ)တို့အရ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို ဒေသဆိုင်ရာအဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကအင်အားစုများရဲ့ ပူးပေါင်းပါဝင်မှုရရှိပြီး၍ ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝနဲ့ အဆင့်အတန်းမြှင့်တင်ရေးအတွက်ကို ဈေးရှုဆောင်ရွက်နိုင်ဖို့အတွက်ကို နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာအမှတ်(၂၇/၂၀၁၃) နဲ့ ဖွဲ့စည်း တာဝန်ပေးအပ်ထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီရဲ့ လုပ်ငန်းတာဝန်အပိုဒ်(ဆ)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနေပြည်သူများ တရား ဥပဒေကို လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ ပြုမူကျင့်ကြံနေထိုင်နိုင်စေရန် စည်းရုံးပညာပေးခြင်းနဲ့ လက်တွေ့ပါဝင်ဆောင်ရွက်စေရန် ထည့်သွင်းပြဋ္ဌာန်းထားတဲ့အတွက် ယင်းကော်မတီဝင်များမှ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနအုပ်ချုပ်ရေးအဖွဲ့များ နဲ့လည်း ပူးပေါင်းဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများကို ပြည်သူတစ်ဦးတစ်ယောက်ချင်းအနေနဲ့ ပါဝင်ဆောင်ရွက်နိုင်ဖို့ ၁၉၉၅ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေပုဒ်မ ၂၀ အရ မည်သူမဆို အများပြည်သူတို့ဝင်ထွက်သွားလာနိုင်တဲ့နေရာမှာ မိမိတို့ရဲ့ရှေ့မှောက်မှာ ပြစ်မှုတစ်ခုခု ကျူးလွန်နေသည်ကို တွေ့ရှိတဲ့အခါမှာ ရှာဖွေအမိန့်မပါဘဲ ထိုပြစ်မှုကျူးလွန်သူအား ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်းများကို ပြုနိုင်သည်။ ထိုသို့ ဖမ်းဆီးပြီးနောက် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ စနစ်တကျလွှဲအပ်ရမည်။ ရဲတပ်ဖွဲ့ဝင်မရှိလျှင် ထိုသူအား သက်သေခံပစ္စည်းနှင့်တကွ အနီးဆုံးရဲတပ်ဖွဲ့စခန်းတွင် စနစ်တကျ ချက်ချင်းလွှဲအပ်ရမည်ဟု ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်နိုင်ရန် ဥပဒေပြဋ္ဌာန်းထားပြီးဖြစ်ခြင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အဖွဲ့ဝင်များကို

ပူးပေါင်းပါဝင်ပေါင်းစပ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားပြီးဖြစ်ခြင်းနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများမှာလည်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ခြင်းတို့ကြောင့် ဒေသန္တရ ရပ်ကွက်၊ ကျေးလက်မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် ထပ်မံလိုအပ်ပါသဖြင့် ယင်းအဆိုအားမှတ်တမ်းတင်ထား ရှိသင့်ပါကြောင်းနဲ့ ပြည်သူ့လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးစောသိန်းအောင်ရဲ့ သဘောထားပြောပါ။

**ဦးစောသိန်းအောင်(လှိုင်းဘွဲ့မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ပြည်သူတွေအနေနဲ့ ပါဝင်ပူးပေါင်းဆောင်ရွက်သင့်တယ်ဆိုတဲ့အဆိုမှာ ပြည်ထောင်စုဝန်ကြီးရဲ့ ပြန်လည်ဖြေကြားချက်ကြားတဲ့အခါ ကျွန်တော်တို့ ကျေးလက်ဒေသတွေမှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ကို ဒီကျေးလက်က အုပ်ချုပ်ရေးမှူးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးထားတယ်ဆိုတဲ့အကြောင်းဟာ ကျွန်တော်တို့ဒီမေးခွန်းမေးမှပဲ သိရပါတယ်။ ပြီးခဲ့တဲ့ မေးခွန်းတွေမေးတုန်းက တစ်ခါမှ ကျွန်တော်တို့မသိခဲ့ပါဘူး။ ဒါကြောင့် အဲ့ဒီလိုသာဖြစ်မယ်ဆိုရင် ကျွန်တော့်အနေနဲ့ အကြံပြုချင်တာက ဒီကျေးရွာအုပ်ချုပ်ရေးမှူးဟာ သူ့ကျေးရွာမှာရွာတွေတော်တော်လည်းများပါတယ်။ အဲ့ဒီတော့ အဲ့ဒီအဖွဲ့ကို ငါးယောက်၊ ခုနစ်ယောက်စသဖြင့်နဲ့ မလုံလောက်ပါဘူး။ တစ်ခုရှိတာက ဒီမူးယစ်ဆေးဝါးအဖွဲ့ဟာ လက်နက်ကိုင်အဖွဲ့အစည်းအချို့နဲ့လည်း သက်ဆိုင်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီ သုံး၊ လေး၊ ငါးယောက်၊ ခုနစ်ယောက်လောက်နဲ့ တာဝန်ယူတာမျိုးမဟုတ်ဘဲနဲ့ ကျွန်တော်တို့ ကျေးရွာမှာရှိတဲ့ တာဝန်ယူနေတဲ့သူတွေ တော်တော်များများကပဲ ဌာနပေါင်းစုံပါဝင်ပြီးတော့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ပိုပြီးတော့ထိရောက်အောင်မြင်မှာ ဖြစ်ပါတယ်။ အခုအနေအထားအရ တချို့ဒေသတွေမှာဆိုရင် ဒီအုပ်ချုပ်ရေးမှူးတွေဟာ ဒီမူးယစ်ဆေးဝါးအရောင်းအဝယ်လုပ်ကိုင်နေကြတဲ့ အဖွဲ့ဝင်တွေနဲ့ ချော်လဲရောထိုင်နေတာမျိုးလဲ ရှိပါတယ်။ သဘောက သူတို့ရဲ့လက်နက်ကိုကြောက်လို့ မလုပ်ရဲတာလည်းရှိပါတယ်။ အဲ့ဒီအနေအထားဆိုရင် ခုနစ်ယောက်၊ ငါးယောက်အားနဲ့ မရပါဘူး။ ကျွန်တော်တို့တစ်ရွာလုံး၊ ကျေးရွာအုပ်စုတစ်ခုလုံးရဲ့ အင်အားနဲ့ လုပ်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်အဆိုကို ဒီလွှတ်တော်ရဲ့ အဆုံးအဖြတ်ခံယူချင်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကြားသိပြီးဖြစ်တဲ့အတိုင်း ဦးစောသိန်းအောင်ကတော့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကိုခံယူမယ်။ ထိုနည်းတူစွာပဲ ပြည်ထောင်စု ဒုတိယဝန်ကြီးကလည်း လွှတ်တော်ရဲ့အဆုံးအဖြတ်ကိုခံယူမယ်လို့ တင်ပြသွားပါတယ်။ ဒါ့ကြောင့် ဦးစောသိန်းအောင်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ယနေ့လက်ရှိအခြေအနေတွင် ဒေသန္တရ ရပ်ကွက်၊ ကျေးလက်များ၌ တစ်နေ့တခြား ပိုမိုဆိုးဝါးလာသည့် မူးယစ်ဆေးဝါးသုံးစွဲမှုကို အပြီးသတ်တားဆီးနှိမ် နင်းနိုင်ရေးအတွက် တာဝန်ရှိပြည်ထောင်စုမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ကို ကူညီပံ့ပိုးပေး နိုင်မည့် ဒေသန္တရ ရပ်ကွက်၊ ကျေးလက်မူးယစ်ဆေးဝါးသုံးစွဲမှုကာကွယ်တားဆီးရေးအဖွဲ့ကို နိုင်ငံ တော်မှ ဦးဆောင်ဖွဲ့စည်းပေး၍ တာဝန်ပေးသင့်ကြောင်း ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဆန္ဒမဲပေးနိုင်ဖို့ အသင့်ရှိစေလိုပါတယ်။ စက်ခန်းက ဆန္ဒမဲပေးနိုင်ဖို့အတွက် ပြင်ဆင်ဆောင်ရွက်ပေးစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ ၃၄၃ မဲ၊ ကန့်ကွက်မဲ ၃ မဲ၊ ကြားနေမဲ ၅ မဲ။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးစောသိန်းအောင်တင်သွင်းတဲ့ ယနေ့လက်ရှိ အခြေအနေတွင် ဒေသန္တရရပ်ကွက်၊ ကျေးလက်များ၌ တစ်နေ့တခြား ပိုမိုဆိုးဝါးလာသည့် မူးယစ်ဆေးဝါးသုံးစွဲမှုကို အပြီးသတ်တားဆီး နှိမ်နင်းနိုင်ရေးအတွက် တာဝန်ရှိပြည်ထောင်စုမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ကို ကူညီပံ့ပိုး ပေးနိုင်မည့် ဒေသန္တရ ရပ်ကွက်၊ ကျေးလက်မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်တားဆီးရေးအဖွဲ့ကို နိုင်ငံတော်မှ ဦးဆောင်ဖွဲ့စည်းပေး၍ တာဝန်ပေးသင့်ကြောင်း ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း ကြောင်းအဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တ ရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကိုမိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**မှူကြမ်း**

အချိန်၊ ၁၁း၄၀။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**နိုင်ငံနှင့်အဝှမ်းတွင် လူငယ်ထုအတွင်း ကျယ်ပြန့်စွာအသုံးပြုလာနေသော မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သည့် ဆေးဝါးများကြောင့် ဖြစ်ပွားလာနိုင်သော အန္တရာယ်မှ ကာကွယ်နိုင်ရန်နှင့် မူးယစ်ဆေးသုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုများကို နှိမ်နင်းနိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တရားစီရင်ရေးအဖွဲ့အစည်းများ၊ မီးသတ်၊ ကြက်ခြေနီနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့်လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အချိန်ကာလသတ်မှတ်ပြီး အထူးစီမံချက်ချမှတ်ကာ စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်က အဆိုတစ်ရပ် တင်သွင်းထားပါတယ်။ အဆိုကို တင်သွင်းဖို့ သူရဦးအေးမြင့်အား ဖိတ်ခေါ်ပါတယ်။

**သူရဦးရေးမြင့်(ဝက်လက်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့တက်ရောက်လာကြတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခုနက လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် တင်သွင်းသွားတဲ့အဆိုနဲ့ တစ်ဆက်တစ်စပ်တည်း မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ အဆိုတစ်ရပ်ကို ဆက်လက်တင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်

တင်သွင်းမယ့်အဆိုကတော့ နိုင်ငံနှင့်အဝှမ်းမှာ လူငယ်ထုအတွင်း ကျယ်ပြန့်စွာအသုံးပြုလာနေတဲ့ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်တဲ့ဆေးဝါးများကြောင့် ဖြစ်ပွားလာတဲ့အန္တရာယ်မှ ကာကွယ်နိုင်ရန် နှင့် မူးယစ်ဆေးသုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုများကို နှိမ်နင်းနိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီး ဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တရားစီရင်ရေးအဖွဲ့အစည်းများ၊ မီးသတ်ကြက်ခြေနီနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်တဲ့ လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက် နိုင်ရန် အချိန်ကာလသတ်မှတ်ပြီး အထူးစီမံချက်ချမှတ် စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုပဲ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာမှာ လူသားအားလုံးကို ခြိမ်းခြောက်လျက်ရှိတဲ့ အကြီးမားဆုံး သောအန္တရာယ်ကတော့ မူးယစ်ဆေးဝါးအန္တရာယ်ပဲ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပြဿနာဟာ နိုင်ငံ တစ်နိုင်ငံ၊ ဒေသတစ်ခုတည်းနဲ့သာ သက်ဆိုင်တာမဟုတ်ဘဲ တစ်ကမ္ဘာလုံး၊ လူသားမျိုးနွယ်တစ်ရပ်လုံး ကိုခြိမ်းခြောက်နေတဲ့ပြဿနာလည်း ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပင် မူးယစ်ဆေးဝါးအမျိုးမျိုး တရားမဝင်လမ်းကြောင်းမျိုးစုံမှ ဝင်ရောက်နေမှုကို ကမ္ဘာအနှံ့ထိရောက်စွာ တားဆီးထိန်းသိမ်းနိုင်ခြင်း မရှိသေးတဲ့ အခြေအနေဟာလည်း ကမ္ဘာကြီးအတွက် အလွန်ကို စိုးရိမ်ပူပန်စရာဖြစ်နေတဲ့အခြေအနေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်သတ်မှတ်ပြီး အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတာတွေ့ရပါတယ်။ မူးယစ်ဆေးဝါး ကိုဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှုလုံးဝ ချုပ်ငြိမ်းပပျောက်ရေး မဟာဗျူဟာရည်မှန်းချက်များချမှတ် အကောင်အထည်ဖော်ခဲ့သော်လည်း မျှော်မှန်းသလောက်ခရီးမပေါက်ခဲ့ဘဲ မူးယစ်ဆေးဝါးပြဿနာဟာ နိုင်ငံနှင့်လူမျိုးကို ခြိမ်းခြောက် လျက်ပင်ရှိနေကြောင်း ကျွန်တော်တို့ တွေ့ရှိရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်မှာ မိုင်းလားအထူးဒေသ(၄)၊ ၂၀၀၃ ခုနှစ်မှာ ကိုးကန့်အထူးဒေသ(၂)၊ ၂၀၀၅ ခုနှစ်မှာ ဝ အထူးဒေသ(၂) နယ်မြေများ ဘိန်းကင်းမဲ့ဇုန်ဖြစ် လာခဲ့ပါတယ်။ သို့သော်လည်းပဲ ဘိန်းစိုက်ပျိုးမှုဓလေ့ကတော့ နိုင်ငံအတွင်းမှာ ပပျောက်သွားခြင်းမရှိ ဘဲ အခြားနေရာဒေသများမှာ အမြစ်တွယ်ရှင်သန်နေဆဲဖြစ်ကြောင်း ကျွန်တော်တို့ လေ့လာသိရှိရပါ တယ်။ ၁၉၉၆ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု ၁၆၃၀၀၀ ဟက်တာရှိခဲ့ရာကနေ ၂၀၀၆ ခုနှစ်မှာ ၂၁၅၀၀ အထိ

ကျဆင်းသွားခဲ့ပြီး ၂၀၀၇ ခုနှစ်ကစတင်ပြီး တစ်စတစ်စပြန်လည်မြင့်တက်ခဲ့တဲ့နေရာမှာ ၂၀၁၃ ခုနှစ်ကြတဲ့အခါမှာ ဟက်တာ ၅၇၈၀၀ အထိရှိလာကြောင်း လေ့လာသိရှိမှတ်သားရပါတယ်။ ဘိန်းစိုက်ပျိုးမှုလျှော့နည်းကျဆင်းရေးဆောင်ရွက်တဲ့နေရာမှာ စိုက်ပျိုးပြီးဘိန်းခင်းတွေကို ဖျက်ဆီးသလိုပဲ တားဆီးနှိမ်နင်းရေးနည်းလမ်းတစ်ခုတည်းနဲ့မရနိုင်ဘဲ ဘိန်းစိုက်ဒေသခံပြည်သူတွေအတွက် အသက်မွေးဝမ်းကြောင်းလုပ်ငန်းတွေ ထူထောင်ပေးဖို့၊ ဆင်းရဲမှုလျှော့ချပေးဖို့၊ လမ်းပန်းဆက်သွယ်ရေးတွေချောမွေ့စွာဆောင်ရွက်ပေးဖို့၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွေ မြှင့်တင်ပေးဖို့စတဲ့ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒေသနဲ့နယ်မြေသဘာဝနှင့်ကိုက်ညီတဲ့ အစားထိုးစိုက်ပျိုး မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ခြင်း၊ နည်းပညာပံ့ပိုးခြင်းနှင့် ဈေးကွက်ဖန်တီးပေးခြင်းများကိုပါ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် စိတ်ကြွ ရူးသွပ်ဆေးပြားများ ထုတ်လုပ်တဲ့နေရာမှာ အခြေခံလိုအပ်တဲ့ ဓာတုပစ္စည်းဟာ ကျွန်တော်တို့နိုင်ငံအတွင်းမှာ ထုတ်လုပ်နိုင်ခြင်းမရှိပါဘူး။ အဲ့ဒီပစ္စည်းတွေကတောတောင်ထူထပ်နယ်စပ်ကို ဖြတ်ကျော်ပြီး အခြားနိုင်ငံများက နည်းမျိုးစုံနဲ့ ဝင်ရောက်လျက်ရှိတဲ့အခါမှာ ယင်းဓာတုပစ္စည်းများ ဝင်ရောက်မှုကို ထိန်းချုပ်ဖို့အတွက် ရေဆိပ်၊ လေဆိပ်၊ နယ်စပ်ဂိတ်၊ နိုင်ငံတကာဝင်ပေါက်များမှာ ဖမ်းဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။ အခုအခါမှာ မူးယစ်ဆေးဝါးပြဿနာဟာ နိုင်ငံအတွက်ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်အဖြစ်ခြိမ်းခြောက်နေပြီး မြို့နယ်ပေါင်း ၁၆၀ မှာ ဖမ်းဆီးအရေးယူခဲ့တဲ့ ဖြစ်စဉ်တွေကိုကြည့်တဲ့အခါမှာ ဘိန်းစိတ်ကြွရူးသွပ်ဆေး သုံးစွဲမှုဓလေ့ဟာ မြန်မာ့လူဘောင်အတွင်း လျှင်လျှင်မြန်မြန်ပြန့်နှံ့လာခဲ့ကြောင်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ အထူးသဖြင့်တော့ လူငယ်လူရွယ်များ မူးယစ်ဆေးဝါးရဲ့ သားကောင်များဘဝကျရောက်ပြီး အနာဂတ်ပျောက်ဆုံးနေမှုများဟာ နိုင်ငံတော်ရှေ့ခရီးအတွက် ရတက်မအေးစရာဖြစ်ရပါတယ်။

ယနေ့ဆိုရင် စိတ်ကြွရူးသွပ်ဆေးပြား ရာဘများဟာ စာသင်ကျောင်းများအနီးအနားမှာရှိတဲ့လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်များအထိ ထိုးဖောက်နေရာယူလာကြပြီဖြစ်တဲ့အပြင် ကလေးသူငယ်အရွယ်များမှာပဲ ကော်ရှူခြင်းအလေ့အထတွေဖြစ်ပေါ်နေတဲ့အတွက်ကြောင့် အထူးသတိပြုတားဆီးကာကွယ်သွားရမယ့်အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ကော်ရှူခြင်းကို ရန်ကုန်၊ မန္တလေးအပါအဝင် မြို့ကြီးရှစ်မြို့မှာတွေ့ရကြောင်း အသက် ၁၁ နှစ်မှ ၁၇ နှစ်အတွင်း ဆယ်ကျော်သက်များအများဆုံးအသုံးပြုလျက်ရှိကြောင်းနှင့် အများအားဖြင့် သစ်သားဆက်ကော်၊ ပိုက်ဆက်ကော်များကို

**မူကြမ်း**

အသုံးပြုလျက်ရှိကြောင်း ဖတ်ရှုမှတ်သားကြားသိရပါတယ်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးအန္တရာယ်ဟာ နိုင်ငံတော်မှာရှိတဲ့ ပြည်သူများရဲ့အိမ်ပေါက်ဝအထိရောက်ရှိပြီး တံခါးခေါက်ခြိမ်းခြောက်နေပြီဖြစ်ကြောင်း သတိပြုကြဖို့ တင်ပြလိုပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့လည်း မူးယစ်ဆေးဝါးပြဿနာကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ဖို့အတွက် ငါးနှစ်စီမံကိန်းကို ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာခဲ့တာတွေ့ရပါတယ်။ ဒါကိုကြည့်ရင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ရေးဆွဲခဲ့တဲ့ ၁၉၉၉-၂၀၀၀ မှ ၂၀၁၃-၂၀၁၄ အထိ ၁၅ နှစ်စီမံကိန်းဟာ သတ်မှတ်ချိန်ရောက်တဲ့အထိ အောင်မြင်ခြင်းမရှိတဲ့အတွက် နောက်ထပ် ငါးနှစ်သက်တမ်းတိုးဆောင်ရွက်ရခြင်းအပေါ် ကျွန်တော်တို့ ပြည်သူများအနေနဲ့ စောင့်ကြည့်နေမှာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် အချိန်ကာလသတ်မှတ်ချက်ဖြင့် အထူးစီမံချက်ချမှတ်ပြီးတော့မှ မူးယစ်ဆေးဝါးအန္တရာယ်နှိမ်နင်းရေးအတွက် ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း တင်ပြလိုခြင်းဖြစ်ပါတယ်။ နေ့စဉ်ထုတ်ဝေလျက်ရှိတဲ့ နိုင်ငံပိုင်သတင်းစာများမှာ ကြည့်တဲ့အခါမှာလည်း မူးယစ်ဆေးဝါးဖမ်းဆီးရမိတဲ့သတင်းမပါတဲ့နေ့ မရှိသလောက်ပဲဖြစ်ပါတယ်။ နေ့စဉ်နဲ့အမျှ နိုင်ငံ့အဝှမ်းမှာ မူးယစ်ဆေးဝါးဖမ်းဆီးရမိသတင်းများ ကြားနေရသော်လည်းပဲ အဲ့ဒီဟာတွေဟာ ကိုင်းဖျားကိုင်းနားများသာဖြစ်ပြီး ပင်စည်ကိုလှဲနိုင်ခြင်းမရှိသေးတာကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ပါဝင်ပတ်သက်သူ၊ တာဝန်ရှိသူများကို ဖမ်းဆီးအရေးယူခဲ့တယ်ဆိုသော်လည်း ထိရောက်မှုမရှိတဲ့အတွက်ကြောင့် မူးယစ်ဆေးဝါးကတော့ ပပျောက်ခဲ့ခြင်းမရှိဘဲ ပန်းပန်လျက်ပဲ ရှိနေပါသေးတယ်။ မိမိတို့ရဲ့အကျိုးစီးပွားနှင့် လုပ်ပိုင်ခွင့်ကို အသုံးချပြီး ကိုယ်ကျိုးစီးပွားရှာနေသူများရှိနေသ၍ ဤပြဿနာဟာ ပြီးဆုံးနိုင်မှာမဟုတ်ဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု ဈေးကွက်ကျယ်ပြန့်လာရခြင်းရဲ့နောက်ကွယ်မှာ ဒေသဆိုင်ရာအာဏာပိုင်အပြင် လက်နက်ကိုင်တပ်ဖွဲ့အချို့ ပါဝင်ပတ်သက်တဲ့သာဓကများလည်း ရှိခဲ့ဖူးတဲ့အတွက်ကြောင့် ထိထိရောက်ရောက်အရေးယူသွားဖို့ လိုအပ်နေပြီဖြစ်ကြောင်း တွေ့ရပါတယ်။ ဒီနေရာမှာ ဖော်ထုတ်ဖမ်းဆီးသူများတင်မကဘဲနဲ့ တရားဥပဒေဘောင်အတွင်း တစ်ညီတညွတ်တည်း ထိထိရောက်ရောက် အရေးယူအပြစ်ပေးနိုင်ရေးအတွက် တရားစီရင်ရေးအဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍကလည်း အရေးကြီးလာပါတယ်။ တရားစီရင်ရေးအဖွဲ့အစည်းများအနေနဲ့ အဂတိလိုက်စားမှုနှင့် ဘက်လိုက်မှုကင်းရှင်းစွာနှင့် ထိရောက်တဲ့ပြစ်ဒဏ်များ ချမှတ်နိုင်မှသာလျှင် ဟန့်တားနှိမ်နင်းနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် မူးယစ်ဆေးဝါးသုံးစွဲမှုပြဿနာကို တားဆီးနှိမ်နင်းရေးကဏ္ဍတစ်ခုတည်းအနေဖြင့် ရှုမြင်ခြင်း

မူကြမ်း

မပြုသင့်ဘဲနဲ့ ကျန်းမာရေးရှုထောင့်နှင့် လူမျိုးရေးအမြင်တို့ဖြင့်ပါ ရှုမြင်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုအပြင် နောက်ဆက်တွဲကျန်းမာရေးဆိုးကျိုးဖြစ်တဲ့ သွေးနဲ့ပတ်သက်တဲ့ရောဂါတွေ၊ အသည်းနဲ့ပတ်သက်တဲ့ရောဂါတွေအပြင် HIV/AIDS ကဲ့သို့သောရောဂါပိုးများပြန့်နှံ့မှု အန္တရာယ်ဟာလည်း အလေးထားဆောင်ရွက်ရမည့် အခြေအနေဖြစ်ပါတယ်။ အဲ့ဒီအန္တရာယ်ကို ကာကွယ်နိုင်ဖို့အတွက် ပြည်သူများကို ပညာပေးခြင်း၊ ဆွေးနွေးဟောပြောခြင်းများ၊ ထိရောက်စွာ ပြုလုပ်ပေးရမည့်အပြင် ရောဂါရရှိနေသူများကိုလည်း လုံလောက်တဲ့ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှုပေးခြင်းနှင့် ခွဲခြားနှိမ့်ချဆက်ဆံခြင်းကင်းတဲ့ ကောင်းမွန်သောလူမှုပတ်ဝန်းကျင် ဖန်တီးပေးဖို့လည်းလိုအပ်မှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ရောင်းဝယ်ဖောက်ကားမှုများကိုနှိမ်နင်းတဲ့နေရာမှာ ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများ တရားစီရင်ရေးအဖွဲ့အစည်းများ၊ မီးသတ်၊ ကြက်ခြေနီနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ပြီး လူထုလှုပ်ရှားမှုအသွင်နဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရမှာပဲဖြစ်ပါတယ်။

ဒ့ါအပြင် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးမှာ ပြည်သူလူထုပူးပေါင်းပါဝင်မှသာ အောင်နိုင်မှာဖြစ်တဲ့အတွက် ရပ်ကွက်ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီများ၊ ရပ်မိရပ်ဖများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကောလိပ်များ၊ အခြားသောလူမှုအဖွဲ့အစည်းအသီးသီးက သက်ဆိုင်ရာနယ်မြေအလိုက် စောင့်ကြည့်အဖွဲ့နှင့် သတင်းပေးကွန်ယက်များ တည်ထောင်ပြီး စောင့်ကြည့်သတင်းရယူပြီး ဖမ်းဆီးထိန်းသိမ်းခြင်း၊ မူးယစ်ဆေးစွဲနေသူများကို စည်းရုံးပညာပေးခြင်းနှင့် နှစ်သိမ့်အားပေးဆေးဝါးကုသမှုပြုခြင်းများ ဆောင်ရွက်ပေးသွားရမှာဖြစ်ပါတယ်။ ဒ့ါအပြင် မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူလူထုအတွင်းနှင့် ကျောင်းသားလူငယ်များအတွင်း စိမ့်ဝင်ပြန့်နှံ့သိရှိနိုင်စေဖို့ အသိပညာပေးမှုများ၊ ဟောပြောမှုများ၊ စာစောင်ဖြန့်ဝေမှုများစတဲ့ ပညာပေးလုပ်ငန်းများကို လစ်ဟာမှုမရှိအောင် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့နေရာမှာ လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်ဆောင်ရွက်သည့်နည်းတူ အချိန်ကာလသတ်မှတ်ပြီး အထူးစီမံချက်ချမှတ် ဆောင်ရွက်သွားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံအဝှမ်းမှာ လူငယ်ထုအတွင်း ကျယ်ပြန့်စွာအသုံးပြုလာနေတဲ့ မူးယစ်ထုံထိုင်းဘေးဖြစ်စေတဲ့ ဆေးဝါးများကြောင့် ဖြစ်ပွားလာနိုင်တဲ့အန္တရာယ်မှ ကာကွယ်နိုင်ဖို့နှင့် မူးယစ်ဆေးသုံးစွဲမှု ရောင်းဝယ်ဖောက်ကားမှုများကို နှိမ်နင်းနိုင်ဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တရားစီရင်ရေးအဖွဲ့အစည်းများ၊ မီးသတ်၊ ကြက်ခြေနီများနှင့် လူမှုရေးအသင်းအဖွဲ့များ

ပူးပေါင်းပါဝင်တဲ့ လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ဖို့ အချိန်ကာလ သတ်မှတ်ပြီး အထူးစီမံချက်ချမှတ်ကာ စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းပါကြောင်းအဆိုကို အလေးအနက်တင်သွင်းအပ်ပါတယ်ခင်ဗျား။ (ကြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သူရဦးအေးမြင့် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။ နှစ်ယောက်ဖြစ်နေတယ်။ ဒေါ်နန်းဝါနု ပေးပါ။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ ဒီ သူရဦးအေးမြင့် ဝက်လက်မဲဆန္ဒနယ်ကတင်သွင်းတဲ့အဆိုက ကျွန်မတို့ဒေသနဲ့ အတော်လေးကိုက်ညီပြီးတော့ ကျွန်မတို့ ဖြစ်ရပ်နဲ့ ထပ်တူထပ်မျှဖြစ်နေတဲ့အတွက်ကြောင့် ကျွန်မက ကျယ်ကျယ်ပြန့်ပြန့်လေး ဆွေးနွေးချင်ပါ တယ်။ အခု ဒီမူးယစ်ဆေးဝါးပြဿနာက နူးညံ့သိမ်မွေ့ပြီးတော့ တော်တော်လေးကြီးမားကျယ်ပြန့်တဲ့ ပြဿနာဖြစ်နေပါတယ်။ သူ့ရဲ့ပြဿနာက ကျွန်မတို့ တစ်မျိုးသားလုံးကို အမျိုးဖြုတ်နိုင်ပါတယ်။ အဲဒီအပြင် တစ်ဦးချင်းသော်လည်းကောင်း၊ တစ်ဖွဲ့ချင်းသော်လည်းကောင်း၊ တစ်နိုင်ငံချင်းသော် လည်းကောင်း လူမှုရေး၊ စီးပွားရေးပြဿနာများစွာကို ဖြစ်ပွားစေပါတယ်။ နိုင်ငံတော်ရဲ့ Image ကိုလည်း ထိခိုက်ပါတယ်။ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးရဲ့ ပြဿနာလည်းဖြစ်နေပါတယ်။ အခု ကျွန်မတို့ လက်ရှိလုပ်နေဆဲစီမံချက်၊ စီမံကိန်းများ လက်ရှိဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကို ကျွန်မတို့ နိုင်ငံတော်အစိုးရက ပြန်လည်သုံးသပ်ဖို့သင့်နေပါပြီ။ အခု လုပ်နေဆဲစီမံချက်၊ စီမံကိန်းများနဲ့ မဟာဗျူဟာတွေက ဘယ်လောက်ရာခိုင်နှုန်း အောင်မြင်နေသလဲဆိုတာကိုလည်း ထုတ်ဖော်ပြောကြား ဖို့ သင့်နေပါပြီရှင်။ အဲဒီအပြင် သူ့ရဲ့အားသာချက်၊ အားနည်းချက်တွေကိုလည်း ပြန်လည်သုံးသပ်ဖို့ကို လိုအပ်လာပါတယ်။ လက်တွေ့လုပ်နေတဲ့ လုပ်ထုံးလုပ်နည်းလုပ်ရပ်တွေ။ အခုလုပ်နေတဲ့ လုပ်ထုံး လုပ်နည်းလုပ်ရပ်တွေဟာ ဘယ်လိုမျိုးအနေအထားတွေရှိပါတယ်ဆိုတာ ဝန်ကြီးဌာနတွေကိုယ်တိုင် သိပါတယ်။ အဲဒီကိစ္စကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ပြန်ပြီးတော့ သုံးသပ်ဖို့သင့်ပါတယ်။ ဒီမူးယစ် ဆေးဝါးတိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်နေတဲ့ ချိတ်ဆက်ဆောင်ရွက်နေတဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေဖြစ်တဲ့ UNODC အဖွဲ့တို့၊ တခြားအဖွဲ့အစည်းတို့ အဲဒီမှာ ဒီအဖွဲ့အစည်းတွေနဲ့အပြင် တခြားကျွန်မတို့ ရှမ်းပြည်နယ်မှာဆိုလို့ရှိရင် လူငယ်အဖွဲ့အစည်းတွေက ဖွဲ့စည်းပြီးတော့ မူးယစ် ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ကို ကိုယ်တိုင်ကိုယ်ကျလုပ်နေကြတာတွေလည်းရှိပါတယ်။ သူတို့တွေ အောင်မြင်နေတာတွေလည်း ရှိနေပါတယ်။ အဲဒီအပြင် ကျွန်မကြားနေတာကလည်း ဒီ RCSS အဖွဲ့

ကလည်း ငြိမ်းချမ်းရေး ဆွေးနွေးနေတဲ့အချိန်မှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက်ကိုပါဝင် လက်မှတ်ရေးထိုးပြီးတော့ ကိုယ်တိုင်ကိုယ်ကျလည်းတိုက်ဖျက်နေတယ်ဆိုတဲ့ကိစ္စကိုလည်း ကျွန်မတို့က ကြားသိရပြီးတော့ ဒီမြေပြင်မှာ သူတို့လုပ်နေတဲ့ကိစ္စတွေကို တချို့တစ်ဝက်တွေကိုလည်း ကျွန်မတို့က သိနေရပါတယ်။

အဲဒီမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းနေတဲ့ တခြားအဖွဲ့ဖြစ်တဲ့ UNODC တို့၊ တခြားနိုင်ငံ တကာအဖွဲ့ အစည်းတို့၊ တခြားဒီအခုလက်တွေ့လုပ်နေတဲ့ RCSS အဖွဲ့တို့ နောက်ပြီးရင် ရှမ်းမြောက် က လူငယ်မူးယစ်ဆေးဝါးကာကွယ်နှိမ်နင်းနေတဲ့ လူငယ်အဖွဲ့တွေကို အားလုံးချိတ်ဆက်ပြီးတော့ ဝန်ကြီးဌာနကလည်း ကူညီစေချင်ပါတယ်။ အဲ့ဒီအပြင် ကျွန်မတို့က ဒီမူးယစ်ဆေးဝါးတားဆီးနှိမ်နင်း ရေးအတွက်မှာ တော်တော်လေးအခက်အခဲတွေ့နေတာကို ကျွန်မတို့က ဒီအထက်ပိုင်းမှာကော၊ အလယ်ပိုင်းမှာကော၊ အောက်ခြေအဆင့်အပိုင်းမှာကော ကျွန်မတို့က မြင်တွေ့နေရပါတယ်။ ဒီကိစ္စကို ကျွန်မတို့ကြီးမားစွာ သုံးသပ်ဖို့သင့်တာက အဖက်ဖက်က ပါဝင်ပတ်သက်ချိတ်ဆက်မှုရှိ/မရှိဆိုတာ ကိုလည်း ကျွန်မတို့ ထည့်သွင်းစဉ်းစားပြီးတော့ ဖြေရှင်းဖို့သင့်နေပါပြီ။ သက်ဆိုင်ရာအချင်းချင်း၊ ပြည်သူလူထုအချင်းချင်း ပူးပေါင်းဆောင်ရွက်တဲ့အပြင်မှာ လူမှုရေးအသင်းအဖွဲ့တွေ ပူးပေါင်းပါဝင် စေတဲ့ လူထုလှုပ်ရှားမှုနဲ့ပဲ ကျွန်မတို့လုပ်မှရမယ်ဆိုတဲ့ အဖြေကထွက်လာပါတယ်။ ဒီကိစ္စကို ရေတို မဟုတ်ဘဲနဲ့ ရေရှည်စီမံချက်ချပြီးတော့လုပ်ဆောင်ဖို့ သင့်ပါတယ်။ အခုမဟာဗျူဟာချမှတ် လုပ်ဆောင် နေသော်လည်း မူးယစ်ဆေးဝါးများဟာ ကျဆင်းမှုမရှိဘဲနဲ့ လွန်စွာပြန့်ပွားလာတဲ့အတွက် တိုင်းရင်းသား ပြည်သူများက နိုင်ငံတော်အစိုးရကို အမျိုးမျိုးအထင်အမြင်လွဲမှားလာနိုင်ပါတယ်။ ယုံကြည်မှုနဲ့ စေတနာက အလွန်အရေးကြီးပါတယ်။ တားဆီးနှိမ်နင်းဖို့ရာ မဖြစ်ဖြစ်အောင်လုပ်မယ်ဆိုတဲ့ ယုံကြည်မှုနဲ့ မူးယစ်အန္တရာယ်ကင်းရှင်းစေချင်တဲ့စေတနာက အဓိကပါလို့တင်ပြရင်း ဝက်လက် မဲဆန္ဒနယ်က သူရဦးအေးမြင့် တင်သွင်းတဲ့ နိုင်ငံနှင့်အဝှမ်းတွင် လူငယ်ထုအတွင်း ကျယ်ပြန့်စွာ အသုံးပြုလာနေသော မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သည့် ဆေးဝါးများကြောင့် ဖြစ်ပွားလာနိုင်သော အန္တရာယ်မှ ကာကွယ်နိုင်ရန်နှင့် မူးယစ်ဆေးသုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုများကို နှိမ်နင်းနိုင်ရန် အတွက် ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တရားစီရင်ရေးအဖွဲ့အစည်း များ၊ မီးသတ်၊ ကြက်ခြေနီနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်တဲ့ လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် အချိန်ကာလသတ်မှတ်ပြီး အထူးစီမံချက်ချမှတ်ကာ စီမံ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအပ်ပါတယ်ရှင့်။

**မှူးကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဦးမိုးဇော်ဟိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမိုးဇော်ဟိန်း (ကသာမဲဆန္ဒနယ်)**။ ။ အားလုံးကို လေးစားပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့် တင်သွင်းသွားတဲ့ အဆိုဟာ ယနေ့ ကျွန်တော်တို့နိုင်ငံအတွက် မဖြစ်မနေဆောင်ရွက်ရမယ့် အမျိုးသားတာဝန်ကြီးကို လူထုလှုပ်ရှားမှုအသွင်နဲ့ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်ထားတဲ့ အဆိုပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ နှိမ်နင်းနေပါပြီ၊ ဆောင်ရွက်နေပါပြီလို့ ပြောဆိုဆွေးနွေးရုံနဲ့ မလုံလောက်ပါဘူး။ အဆိုရှင်တင်သွင်းသွားတဲ့အတိုင်း ဒီမူးယစ်ဆေးဝါးအန္တရာယ်ဟာ ပြည်သူများရဲ့ အိမ်ပေါက်အထိ ရောက်ရှိတံခါးခေါက် ခြိမ်းခြောက်နေပြီဖြစ်တယ်ဆိုတာ အမှန်ပဲဖြစ်ပါတယ်။ ဒ့ါအပြင် မူးယစ်ဆေးဝါးအန္တရာယ်ကို အဓိကတားဆီးနှိမ်နင်းကြတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးမူးယစ်တပ်ဖွဲ့များရဲ့ အင်အားဟာ တာဝန်ကျရာဒေသအသီးသီးမှာ လုံလောက်မှုမရှိဘဲ ရှိတဲ့အင်အားနဲ့ မနိုင်ဝန်ကိုထမ်းနေကြတဲ့အတွက် ထိရောက်သင့်သလောက် ထိရောက်မှုမရှိတာကိုလည်း တွေ့မြင်ကြားသိနေရပါတယ်။ ဒါကြောင့် အဆိုရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များပါ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းနှိုးဆော်ထားခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံနှင့်အဝှမ်းတွင် လူငယ်ထုအတွင်း ကျယ်ပြန့်စွာအသုံးပြုလာနေသော မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သည့် ဆေးဝါးများကြောင့် ဖြစ်ပွားလာနိုင်သော အန္တရာယ်မှ ကာကွယ်နိုင်ရန်နှင့် မူးယစ်ဆေးသုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုများကို နှိမ်နင်းနိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တရားစီရင်ရေးအဖွဲ့အစည်းများ၊ မီးသတ်၊ ကြက်ခြေနီနဲ့ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့်လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် အချိန်ကာလသတ်မှတ်ပြီး အထူးစီမံချက်ချမှတ်ကာ စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်းက အလေးအနက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်ရဲ့ အဆိုနှင့် စပ်လျဉ်း၍ ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် ၁၉၆၁ ခုနှစ်၊ မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ်၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ၁၉၈၈ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများတရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများမှာလည်း ကျွန်တော်တို့ အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးဆောင်ရွက်ပြီးဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီးတော့ မူးယစ်ဗဟိုနှင့်လုပ်ငန်းအဖွဲ့များအဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဥပဒေများပြဋ္ဌာန်းကာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ ရပ်ကွက်ကျေးရွာအုပ်စုအဆင့်ထိ တားဆီးကာကွယ်ရေး အဖွဲ့များဖွဲ့စည်းဆောင်ရွက်ထားရှိတာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင်ရဲ့ တင်သွင်းတဲ့အဆိုနှင့် စပ်လျဉ်း၍လည်း ကျွန်တော်ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဟာ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်ထိကို ငါးနှစ်စီ အပိုင်း(၃) ပိုင်းခွဲပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါမှာ ဘိန်းစိုက်ပျိုးမှု မြင့်တက်လာခြင်း၊ စိတ်ကြွဆေးဝါးသုံးစွဲမှုပြဿနာ လူငယ်ထုအတွင်း ပျံ့နှံ့လာခြင်း၊ အခြားစိတ်ကြွဆေးဝါးများ ပေါ်ထွက်လာခြင်း အခြေအနေများ ထိန်းချုပ်နိုင်ဖို့ စီမံကိန်းကာလကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ နောက်ထပ် ငါးနှစ်စီမံကိန်းကိုလည်း ထပ်မံတိုးမြှင့်ကာ မူးယစ်ထုတ်လုပ်မှုပပျောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရေး၊ နိုင်ငံတကာပူးပေါင်းပါဝင်ရေးစတဲ့ လုပ်ငန်းကဏ္ဍများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထ ငါးနှစ်စီမံကိန်းအတွက်ကို လုပ်ငန်းကဏ္ဍငါးရပ်ချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေကတော့ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရေး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ရဲ့ ကွပ်ကဲမှုအောက်မှာ

မူးယစ်ဆေးသုံးစွဲသူများကို ဆေးဝါးကုသပေးရေးနှင့် ပြည်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်တဲ့ ရွှေပြည်အေးလူငယ်များပြုစုပျိုးထောင်ရေးစခန်းဟာ ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်၊ ကုန်းဆုံကျေးရွာအုပ်စု၊ ကသဲကျေးရွာအနောက်ဘက်၊ အောင်ပန်း-လွိုင်ကော်ကားလမ်းမကြီး မိုင်တိုင် အမှတ်(၆၈/၄)မှ အတွင်းဘက် တစ်မိုင်ခန့်အကွာမှာတည်ရှိပြီး ၁၆-၁၀-၁၉၈၃ မှ ၆-၆-၂၀၀၅ ရက်နေ့ အထိသင်တန်းသား ၄၆၅ ဦးလက်ခံလေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ရွှေပြည်သစ်လူငယ်များပြုစုပျိုးထောင်ရေးစခန်းဟာ ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ တီးမကျေးရွာအနီး လားရှိုး-မူဆယ် ကားလမ်းမကြီးဘေးမှာရှိတဲ့ နမ့်အွမ်ကျေးရွာအရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာမှာရှိပြီးတော့ ၃-၁၂-၂၀၀၇ မှ ၆-၄-၂၀၁၁ ရက်နေ့အထိကို သင်တန်းသား ၃၉၂ ဦးလက်ခံလေ့ကျင့်ပျိုးထောင်ခဲ့ပြီး ဖြစ်ပါတယ်။ ရွှေပြည်သစ်လူငယ်များပြုစုပျိုးထောင်ရေးစခန်းကို ၂၄-၉-၂၀၁၁ ရက်နေ့မှစ၍ နယ်မြေ လုံခြုံရေးအခြေအနေအရ ပိတ်သိမ်းခဲ့ရပါတယ်။ ရွှေပြည်သာလူငယ်ပြုစု ပျိုးထောင်ရေးစခန်းဟာ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဝက်ထီးကန်ကျေးရွာနဲ့ မြောက်ဘက် နှစ်မိုင်ခန့်အကွာမှာ တည်ရှိပြီး သင်တန်းတစ်ပတ်စဉ်မှာ သင်တန်းသား ၅၀ ဦးစီဖြင့် ၁၉၈၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၄၆၈၀ ဦး ကိုလည်း လေ့ကျင့်ပြုစုပျိုးထောင်ခဲ့ပြီးဖြစ်ပါတယ်။ အထက်ဖော်ပြပါလူငယ်များ ပြုစုပျိုးထောင်ရေး စခန်းများမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ ဝန်ထမ်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းပြီး သက်ဆိုင်ရာလုပ်ငန်းတာဝန်များဖြစ်တဲ့ သင်တန်းသားများရဲ့ ကိုယ်လက်ကြံ့ခိုင်ရေးနဲ့ အားကစားလေ့ကျင့်ပေးခြင်း၊ အထွေထွေကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာ ပေးခြင်း၊ စိတ်ပိုင်းနဲ့ရုပ်ပိုင်းဆိုင်ရာ တိုးတက်စေရေးအတွက်ကို လေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ စက်မှုနဲ့ဆိုင်သော အသက်မွေးပညာရပ်များ၊ ဆောက်လုပ်ရေးဆိုင်ရာ အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးခြင်းများကို ဆောင်ရွက်ပေးလျက် ရှိနေပါတယ်။

မူးယစ်ဆေးဝါးသုံးစွဲမှုလျော့ချဖို့အတွက်ကို ဆေးကုသရေးအဖွဲ့မှ မူးယစ်ဆေးစွဲရောဂါ ကုသရေးလုပ်ငန်းများကို စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ် ဆေးစွဲရောဂါကုသသည့်ဌာန (Major Drug Treatment Centre)၂၆ ခုကိုလည်း တိုင်းဒေသကြီး/ ပြည်နယ်များမှာရှိတဲ့ ကုတင် ၂၀၀ နှင့်အထက် ဆေးရုံများမှာလည်းကောင်း၊ မူးယစ်ဆေးစွဲရောဂါကုသ သည့်ဌာနငယ် ၄၇ ခုကို ခရိုင်/မြို့နယ် ဆေးရုံများမှာလည်းကောင်း ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။

ဒါ့အပြင် HIV/AIDS ကဲ့သို့သော ကူးစက်တတ်သောရောဂါများ မူးယစ်ဆေးဝါးသုံးစွဲမှုမှတစ်ဆင့် မပြန့်ပွားရေးအတွက်ကို မြန်မာနိုင်ငံအတွင်း ကွင်းဆင်းဆောင်ရွက်နေသော NGO အဖွဲ့အစည်းများဖြစ်တဲ့ Myanmar Anti Narcotic Association (MANA)၊ Substance Abuse Research Association( SARA) နှင့် INGO အဖွဲ့အစည်းများဖြစ်တဲ့ Burnet Institute Merlin Medicines du Monde (MdM) နှင့် Asian Harm Reduction Network (AHRN) တို့မှ မူးယစ်ဆေးစွဲသူတွေရဲ့ နားခိုရာ (Drop in Centre)များကိုလည်း ဖွင့်လှစ်ကာဆေးထိုးအပ်နှင့် ဆေးထိုးပြွန်များဖြန့်ဝေပေးခြင်း၊ ကွန်ဒုံးဖြင့်ဖြန့်ဝေပေးခြင်း၊ မူးယစ်ဆေးစွဲလူနာများကို ဆေးကုသရန် စည်းရုံးပို့ဆောင်ပေးခြင်း၊ ခရီးစရိတ်နှင့်စားသောက်စရိတ်ထောက်ပံ့ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြန်လည်ထူထောင်ရေးအဖွဲ့များဟာ မူးယစ်ဆေးဝါးသုံးစွဲသူများအား စခန်းအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ လူမှုဝန်ထမ်းဦးစီးဌာနမှ စခန်းအခြေပြုပြန်လည်ထူထောင်ရေး စခန်း ခြောက်ခုကို ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ တာချီလိတ်၊ လားရှိုးနှင့် ကျိုင်းတုံတို့မှာ ဖွင့်လှစ်ထားရှိပြီး စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာများ ပြန်လည်ထူထောင်ပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင်ဒေသနဲ့ကိုက်ညီတဲ့ ဆိုင်ကယ်ပြင်သင်တန်း၊ ယာဉ်စက်ပြင်သင်တန်း၊ စက်ချုပ်သင်တန်း၊ အုတ်ရိုက်သင်တန်း၊ ရေဒီယိုပြင်သင်တန်း၊ အီလက်ထရောနစ်သင်တန်း၊ ပျားမွေးမြူရေးသင်တန်း၊ ဆံပင်ညှပ်သင်တန်းစတဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်များကိုလည်း လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ သင်တန်းဆင်းပြီးနောက် သင်ကြားပေးလိုက်သော ပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန် ၎င်းတို့ရဲ့ မိဘများနှင့်ညှိနှိုင်းကာ နောက်ဆက်တွဲစောင့်ရှောက်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြန်လည်ထူထောင်ရေးစခန်းအသီးသီးမှ သင်တန်းဆင်းပြီးသူများအား မိသားစုများနှင့်အတူနေထိုင်နိုင်ရန် ပတ်ဝန်းကျင်အသိုက်အဝန်းတွင် ဝင်ဆံ့နိုင်ရန်အတွက်ကို တစ်နှစ်ကြာကာလအထိ နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်း (After Care Service)ကိုစေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်းမှ အဖွဲ့ဝင်များရဲ့ ပူးပေါင်းကူညီမှုများဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့မှ နိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ မြို့နယ်အားလုံး၌ ကျောင်းသားလူငယ်များနှင့် ကျောင်းပြင်ပရောက်လူငယ်များအား မူးယစ်ဆေးဝါးသုံးစွဲမှုမှ ကြိုတင်ကာကွယ်နိုင်ရန် မူးယစ်ဆေးဝါးဆိုးကျိုးများ

အကြောင်း၊ ဥပဒေပြစ်ဒဏ်များအကြောင်း နားလည်သဘောပေါက်အောင် ဟောပြောပွဲများ၊ ပညာပေး ကဏ္ဍများဖြင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာ ပေးရန် အခြေခံပညာမူလတန်းမှ အထက်တန်းအထိ စာသင်ကျောင်းများမှာ ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်သင်ခန်းစာများကိုလည်း ထည့်သွင်း သင်ကြားပေးခြင်း၊ အခြေခံပညာ ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အလယ်တန်းပြဆရာ/ဆရာမများအား ဘာသာရပ်သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူများ အား ပညာပေးလှုံ့ဆော်ရေးအဖွဲ့ဟာ ပြည်သူလူထုနဲ့ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါး အန္တရာယ်မှ တားဆီးကာကွယ်နိုင်ရန် မြန်မာ့အသံ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ Sky Net နဲ့ မြဝတီ ရုပ်မြင်သံကြားတို့မှလည်း သတင်းများထုတ်လွှင့်ခြင်း၊ စာစောင်၊ ဂျာနယ်တို့မှာ မူးယစ်ဆေးဝါး ပညာပေးဇာတ်လမ်းများ၊ ဆောင်းပါးများ၊ ကာတွန်းများဖြင့် ပညာပေးခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ရုပ်ရှင်ဇာတ်ကား၊ ဗွီဒီယိုဇာတ်လမ်းများ ယခုထုတ်လွှင့်ပေးခြင်း များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အထက်ဖော်ပြပါ လူငယ်များပြုစုပျိုးထောင်ရေးစခန်းများ၊ မူးယစ်ဆေးစွဲရောဂါကုဌာနများ၊ ပြန်လည်ထူထောင်ရေးစခန်းများကို ဆေးစွဲလူနာများ လာရောက် ကုသဖို့အတွက်ကို ပြည်သူလူထုမှ ပူးပေါင်းပါဝင် စည်းရုံးပို့ဆောင်ပေးရန်လည်း လိုအပ်ပါတယ်။ မူးယစ်ဆေးစွဲသူများကို ဆေးကုသမှု ခံယူလိုတဲ့ဆန္ဒများ ဖြစ်ပေါ်လာစေဖို့ မိသားစုပတ်ဝန်းကျင်မှ နည်းမျိုးစုံနဲ့စည်းရုံးသိမ်းသွင်းဆောင် ကြဉ်းပေးရန်နဲ့ မိမိပတ်ဝန်းကျင်ရှိ မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်သူများကို ပြည်သူလူထုမှ အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတင်းပေးပူးပေါင်းဖမ်းဆီးမှသာ စီမံကိန်းလုပ်ငန်းများကလည်း ထိရောက်အောင်မြင်မှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားမှုများကို နှိမ်နင်းနိုင်ဖို့ အတွက်ကို ၁၉၈၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မူးယစ် တားဆီးရေးဌာနအဖြစ် စတင်ဖွဲ့စည်းပြီး ၁၉၉၂ ခု၊ ဧပြီလ ၁ ရက်နေ့မှာ အရာရှိ ၅၀ အခြားအဆင့် ၇၂ ဦးနဲ့ မူးယစ်ဗဟိုနဲ့ တားဆီးနှိမ်နင်းရေး ဌာနဟု ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့မှာ အစိုးရအဖွဲ့အစည်း၊ အစည်းအဝေးအမှတ်စဉ်(၄/၉၈)အရ မူးယစ်ဗဟိုရုံးနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းကာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးအဖွဲ့ ၂၆ ဖွဲ့ဖြင့် တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ်(၂၄/၂၀၁၃) အရ

မူးယစ်ဗဟိုရုံးနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးဌာနကို မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အဖြစ် တိုးချဲ့ဖွဲ့စည်းပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများအတွက် တပ်ဖွဲ့ခွဲ(၁)မန္တလေး၊ တပ်ဖွဲ့ခွဲ(၂)တောင်ကြီး၊ တပ်ဖွဲ့ခွဲ(၃)ရန်ကုန်နှင့် ၎င်းတို့ရဲ့ ကွပ်ကဲမှုအောက်မှာ မူးယစ်တပ်ဖွဲ့စု ၅၀ ကိုလည်း တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟို အဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ တိုင်းဒေသကြီး/ပြည်နယ်များမှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ကို ၂၀၁၃ ခုနှစ်မှစ၍ အထူးစီမံစစ်ဆင်ရေးများ အထူးစီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှ ဇူလိုင်လ ၁၁ ရက်နေ့ထိ ကလေး-တမူး ဒေသအတွင်း သီတာစစ်ဆင်ရေး၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၃၀ ရက်နေ့ထိ ရှမ်းပြည်နယ် (မြောက်ပိုင်း)နယ်မြေအတွင်း ရွှေလီစစ်ဆင်ရေး၊ ၂၀၁၄ ခုနှစ်၊ မေလ ၂၅ ရက်မှ ဇွန်လ ၂၃ ရက်နေ့ထိ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်၊ ခန္တီးခရိုင် ခန္တီးမြို့နယ်တို့မှာ ချင်းတွင်း စစ်ဆင်ရေး၊ ၂၀၁၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့မှ ဇွန်လ ၂၄ ရက်နေ့ထိ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်တို့မှာ ရတနာပုံစစ်ဆင်ရေး၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှ အောက်တို ဘာလ ၄ ရက်နေ့ထိ မွန်ပြည်နယ်အတွင်း ရာမညစစ်ဆင်ရေး၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့ထိ ကရင်ပြည်နယ်အတွင်း ဖွဲကပင်စစ်ဆင်ရေး၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှ အောက်တိုဘာလ ၄ ရက်နေ့ထိ မန္တလေးတိုင်းဒေသ ကြီးနယ်မြေအတွင်း ရတနာပုံစစ်ဆင်ရေး(၂)တို့ဖြင့် အရှိန်အဟုန်ဖြင့်ဆောင်ရွက်သလို ယခု ၂၀၁၅ ခုနှစ် အတွင်းမှာလည်း နှစ်စမှစပြီး မဲခေါင်စစ်ဆင်ရေးကို စတင်ဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြ လိုပါတယ်။ အထက်ဖော်ပြပါ စစ်ဆင်ရေးမြို့များမှာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တရားစီရင်ရေးအဖွဲ့ အစည်းများ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်မှုကြောင့် နှစ်စဉ်မူးယစ်ဆေးဝါးတိုးမြင့် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ မူးယစ်ဆေးဝါးအမှုပေါင်း ၂၆၁၇ မှု၊ တရားခံ(ကျား) ၃၃၀၅ ဦး၊ (မ) ၆၈၆ ဦး စုစုပေါင်း ၃၉၉၁ ဦး၊ ၂၀၁၂ ခုနှစ်အတွင်းမှာ မူးယစ်ဆေးဝါးအမှုပေါင်း ၄၀၀၆ မှု တရားခံ ၄၈၃၉ ဦး၊ မ ၉၀၁ဦး စုစုပေါင်း ၅၇၄၀ ဦး၊ ၂၀၁၃ ခုနှစ်အတွင်းမှာ မူးယစ်ဆေးဝါးအမှုပေါင်း ၄၉၂၈ မှု တရားခံ(ကျား) ၅၉၇၀ ဦး၊ (မ) ၁၁၆၇ ဦး စုစုပေါင်း ၇၁၃၇ ဦးနဲ့ ၂၀၁၄ ခုနှစ်အတွင်းမှာ မူးယစ်ဆေးဝါးအမှုပေါင်း ၆၆၉၆ မှု တရားခံ(ကျား) ၈၁၁၀ ဦး၊ (မ)၁၃၁၅ ဦး

မူကြမ်း

စုစုပေါင်း ၉၄၂၅ ဦးကိုလည်း ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးအမျိုးအစား အလိုက် ဖမ်းဆီးရမိမှုအခြေအနေမှာ ၂၀၁၁ ခုနှစ်အတွင်းမှာ မူးယစ်ဆေးဝါးဖမ်းဆီးရမှုအနေနဲ့ ဘိန်း ၈၂၈.၂၇ ကီလို၊ ဘိန်းဖြူ ၄၂.၄၄ ကီလို၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၅၈၉၄၁၈၈ ပြား၊ ဆေးခြောက် ၁၉၆.၃၉ ကီလို၊ အခြားမူးယစ်ဆေး ၁၃၅၅.၁ ကီလို ထိန်းချုပ်ဓာတုပစ္စည်း ၂၃၄၅၆.၅၃ ကီလို တို့ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်အတွင်းမှာ ဘိန်း ၁၄၇၀.၃၅ ကီလို၊ ဘိန်းဖြူ ၃၃၅.၇၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၁၆၂၅၂ ပြား၊ ဆေးခြောက် ၈၀.၂၈ ကီလို၊ အခြားမူးယစ်ဆေး ၉၅၈.၀၃ ကီလို၊ ထိန်းချုပ်ဓာတုဆေး ၁၆၁၀၂.၀၇ ကီလိုတို့ ဖမ်းဆီးရမိနိုင်ခဲ့ပါ တယ်။ ၂၀၁၃ ခုနှစ်အတွင်းမှာ ဘိန်း ၂၃၅၆.၉၈ ကီလို၊ ဘိန်းဖြူ ၂၃၈.၉၃ ကီလို၊ စိတ်ကြွရူးသွပ် ဆေးပြား ၁၀၁၈၇၀၁၄ ပြား၊ ဆေးခြောက် ၄၀.၉၇ ကီလို၊ အခြားမူးယစ်ဆေး ၃၄၁၀.၄၁ ကီလို၊ ထိန်းချုပ်ဓာတုပစ္စည်း ၂၁၃၂၇.၈၉ ကီလိုတို့ ဖမ်းဆီးရမိနိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာ ဘိန်း ၁၈၂၈.၄၁ ကီလို၊ ဘိန်းဖြူ ၄၃၅.၄၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၅၃၂ ပြား၊ ဆေးခြောက် ၂၀၅.၅၅ ကီလို၊ အခြားမူးယစ်ဆေး ၁၁၇၃၀.၄၃ ကီလို၊ ထိန်းချုပ်ဓာတုပစ္စည်း ၆၅၆၈၈.၂၂ ကီလို တို့ဖမ်းဆီးရမိခဲ့ပြီး ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ဖို့အတွက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ် ညှိနှိုင်းကာ ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်ထိ မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထငါးနှစ် စီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ချမှတ်ထားသောမူဝါဒများ၊ မဟာဗျူဟာ၊ နည်းဗျူဟာများနှင့်အညီ သက်ဆိုင်ရာကဏ္ဍအလိုက် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်း များကို အောင်မြင်အောင်ဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းတာဝန်များအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက်ကို ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု လျှော့ချရေး၊ သုံးစွဲမှုလျှော့ချရေး၊ ပြည်သူလူထုနှင့် ကျောင်းသားလူငယ်ထုအတွင်း အသိပညာပေးရေး နှင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများအား ပြည်တွင်းပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံ တကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန်၊ တပ်မတော်၊ ပြည်သူ့စစ်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ပူးပေါင်း

ဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့အဆင့်ဆင့်သည် မူးယစ်ဆေးဝါးပပျောက်ရေးအတွက်ကို ချမှတ်ထားတဲ့လုပ်ငန်းတာဝန်များအား ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါးပပျောက်ရေးစတုတ္ထငါးနှစ်စီမံကိန်းမှာ ဆောင်ရွက်ရမယ့်လုပ်ငန်းကဏ္ဍ(၅)ရပ်ဖြစ်တဲ့ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုနှင့်အခြားအဖွဲ့အစည်းများပူးပေါင်းပါဝင်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးတို့အတွက်ကို ချမှတ်ထားတဲ့လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေနဲ့ ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ အထိ မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထ ငါးနှစ်စီမံကိန်းမှာ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုနှင့်အခြားအဖွဲ့အစည်းများပူးပေါင်းပါဝင်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးစတဲ့လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လုပ်ငန်းအဖွဲ့များမှ အသေးစိတ်စီမံချက်များကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တားဆီးနှိမ်နင်းရေးစီမံချက်များနှင့် ဒေသအလိုက်အထူးစစ်ဆင်ရေးများဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်ဆောင်ရွက်နိုင်ဖို့အတွက်ကို ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိတဲ့အတွက် ယင်းအဆိုအား မှတ်တမ်းတင်သင့်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် သူရဦးအေးမြင့်ရဲ့သဘောထားပြောပါ။

**သူရဦးအေးမြင့်(ဝက်လက်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအနေနဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေးနှင့်ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းတင်ပြသွားတာတွေ့ရပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ မူဝါဒ(၅)ရပ်၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေးဗဟိုလုပ်ငန်းကော်မတီအနေနဲ့ ရှေ့လုပ်ငန်းစဉ်(၇)ရပ် အသီးသီးချမှတ်ပြီးတော့မှ နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အကူအညီပါယူပြီးတော့မှ ဆောင်ရွက်နေတဲ့အခြေအနေလေးတွေကိုလည်း ကျွန်တော်တို့ တင်ပြသွားတာတွေ့ရပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ လေ့လာကြည့်ရှုရာမှာကတော့ အဲ့ဒီဆောင်ရွက်မှုတွေအပေါ်မှာ ရရှိတဲ့ရလဒ် ဘယ်လို

အခြေအနေရှိသလဲ။ ဒါကို ကျွန်တော်တို့ မကွယ်မထောက်လေ့လာသုံးသပ်ဖို့လိုပါတယ်။ အားလုံး ကျွန်တော်တို့လေ့လာကြည့်တဲ့အခါမှာတော့ မူးယစ်ဆေးဝါးအန္တရာယ်ဟာ ကျွန်တော်တို့နိုင်ငံအတွက် ယနေ့အထိ ကြီးမားတဲ့အန္တရာယ်တစ်ရပ်အဖြစ်ရှိနေဆဲပဲဆိုတာကို ကျွန်တော်တို့ လက်ခံရမှာဖြစ်ပါ တယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ တင်ပြသွားတဲ့နေရာမှာ အချက်သုံးချက် ကျွန်တော် တင်ပြထား တာဖြစ်ပါတယ်။ လူငယ်ထုတွေအတွင်း ကျယ်ပြန့်လာတဲ့မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်တား ဆီးဖို့၊ နောက်တစ်ချက်က မူးယစ်ဆေးသုံးစွဲမှုနှင့်ရောင်းဝယ်ဖောက်ကားမှုတွေကို လူထုလှုပ်ရှားမှု အသွင်နဲ့ကျယ်ကျယ်ပြန့်ပြန့်တားဆီးကာကွယ်ပေးဖို့နှင့် နောက်ဆုံးတတိယအချက်ကတော့ ကာလ သတ်မှတ်ပြီးတော့မှ အထူးစီမံချက်တစ်ရပ်ချမှတ်ပြီးတော့ ဆောင်ရွက်သွားဖို့ဆိုတဲ့အချက်သုံးရပ် ကျွန်တော်အဆိုတင်သွင်းထားခြင်းဖြစ်ပါတယ်။

ဒါ့ကြောင့် ကျွန်တော့်အနေနဲ့တော့ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေးနှင့်ပတ်သက် ပြီးတော့မှ လူထုလှုပ်ရှားမှုအသွင်နဲ့ ကျယ်ကျယ်ပြန့်ပြန့်ထိထိရောက်ရောက် တားဆီးနိုင်ဖို့အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အထူးအလေးထားဆောင်ရွက်စေမယ့် လုပ်ငန်းဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့အဆိုကို အတည်ပြုပေးနိုင်ဖို့အတွက် လွှတ်တော်ရဲ့အဆုံးအဖြတ်ကိုခံယူမည်ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သူရဦးအေးမြင့်၊ ဝက်လက်မဲဆန္ဒနယ် က နိုင်ငံနှင့်အဝှမ်းတွင် လူငယ်ထုအတွင်း ကျယ်ပြန့်စွာအသုံးပြုလာနေသော မူးယစ်ထုံထိုင်း ဘေးဖြစ် စေတတ်သည့် ဆေးဝါးများကြောင့် ဖြစ်ပွားလာနိုင်သောအန္တရာယ်မှ ကာကွယ်နိုင်ရန်နှင့် မူးယစ်ဆေး သုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုများကို နှိမ်နင်းနိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တရားစီရင်ရေးအဖွဲ့အစည်းများ၊ မီးသတ်၊ ကြက်ခြေနီနှင့်လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့် လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင် ရန် အချိန်ကာလသတ်မှတ်ပြီး အထူးစီမံချက်ချမှတ်ကာ စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရ သို့တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံး ဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။ စက်ခန်းမှ စီစဉ်ဆောင်ရွက်ပေးပါ။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ ၃၃၉၊ ကန့်ကွက်မဲမရှိ၊ ကြားနေမဲ တစ်မဲ။

**မူကြမ်း**

**ဥက္ကဋ္ဌ⊞ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် သူရဦးအေးမြင့်တင်သွင်းတဲ့ နိုင်ငံနှင့်အဝှမ်းတွင် လူငယ်ထုအတွင်း ကျယ်ပြန့်စွာ အသုံးပြုလာနေသော မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သည့် ဆေးဝါးများကြောင့် ဖြစ်ပွားလာနိုင် သောအန္တရာယ်မှ ကာကွယ်နိုင်ရန်နှင့် မူးယစ်ဆေးသုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုများကို နှိမ်နင်း နိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တရားစီရင်ရေး အဖွဲ့အစည်းများ၊ မီးသတ်၊ ကြက်ခြေနီနှင့်လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့် လူထုလှုပ်ရှား မှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် အချိန်ကာလသတ်မှတ်ပြီး အထူးစီမံချက်ချမှတ် ကာ စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြု၍ ပေးပို့သော လယ်ယာထွက်ကုန်စျေးကွက်များအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော လယ်ယာထွက်ကုန်စျေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ၂၃-၁-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန်အတွက် ဥပဒေကြမ်းမိတ္တူများကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်သို့ တက်ရောက်လာသူအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မက မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်ဌေးကြွယ် ဖြစ်ပါတယ်။ ကျွန်မမှ လယ်ယာမြေထွက်ကုန်စျေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

**မူကြမ်း**

နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၌ ၂၁-၁၁-၂၀၁၄ ရက်နေ့တွင် စတင်ဆွေးနွေးတင်သွင်းခဲ့ပြီး ၂၂-၁-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ခေတ်စနစ်နှင့် မလျော်ညီတော့တဲ့အတွက် ရုပ်သိမ်းရန် ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၆-၁-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ ယနေ့ခေတ်ကာလနှင့် လျော်ညီမှုမရှိတော့သည့်အတွက် ရုပ်သိမ်းရန်တင်ပြလာခြင်းဖြစ်သဖြင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုသည့်အတိုင်း သဘောတူလက်ခံခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း အစီရင်ခံ တင်ပြအပ်ပါသည်။

## လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍

၃-၂-၂၀၁၅ ရက် (အင်္ဂါနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို မနက်ဖြန် ၃၀-၁-၂၀၁၅ (သောကြာနေ့) နေ့လယ် ၁၃း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

အချိန်၊ ၁၂း၃၀။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၂း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]